ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (25-9-2011) (၆၈၉၃)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန်　　စက်တင်ဘာ　　၂၄

**ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံ (ASEAN INTER- PARLIAMENTARY ASSEMBLY) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ် အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sieng Bunvuth နှင့် တာဝန်ရှိသူများ က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နှင့်အတူ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

**ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန် အမတ်များ အထွေထွေညီလာခံသို့တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့်အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြစဉ်။** (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

## ချင်းပြည်နယ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ဒုတိယအကြိမ် ပေးအပ်ပွဲကျင်းပ

"တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီး မတတ်နိုင်သည့်အတွက် ဆင်းရဲမှုနှင့်အကြွေးတင်မှုမှ မလွတ်မြောက်နိုင်သည့် အခြေအနေမှ ကျော်လွှားနိုင်ရန် လက်ရှိ တစ်နိုင်တစ်ပိုင် မွေးမြူရေးကိုပါ ဆောင်ရွက်ကြရန်လိုအပ်"

ပြည်တွင်းသတင်း　စာမျက်နှာ - ၃

## ၂၀၁၂ ခုနှစ် ရုရှားသမ္မတရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ပူတင် ဝင်ရောက်ယှဉ်ပြိုင်မည်

"ယူနိုက်တက်ရုရှားပါတီသည် ၂၀၁၂ ခုနှစ် သမ္မတ ရွေးကောက်ပွဲအတွက် သမ္မတလောင်းအဖြစ် ပူတင်ကို အမည်စာရင်း တင်သွင်းပြီးနောက် လက်ရှိသမ္မတ ဒီမစ်ထရီ မက်ဗီဒက်အား ဝန်ကြီးချုပ်ရာထူး၌ ဆက်လက်တာဝန်ပေးအပ်သွားရန် သဘောတူညီခဲ့"

နိုင်ငံတကာသတင်း　စာမျက်နှာ - ၅

## ဟယ်ရီပေါ်တာမင်းသမီး၏ ရှိုတ်စပီးယားအိပ်မက်

"ဟယ်ရီပေါ်တာမင်းသမီး အမ်မာဝပ်ဆန်းက နာမည်ကျော်ဒါရိုက်တာများ၊ သရုပ်ဆောင်များနှင့်အတူ လက်တွဲသရုပ်ဆောင်လိုကြောင်းနှင့် ဂန္ထဝင်စာဆိုတော် ရှိုတ်စပီးယား၏ ပြဇာတ်များတွင်လည်း ပါဝင်လိုကြောင်း ထုတ်ဖော်"

ပြည်ပရုပ်ရှင်သတင်း　စာမျက်နှာ - ၇

## အက်ရှင်ဇာတ်ကားများကို ငြီးငွေ့လာသည့် ရှာရွတ်ခန်

"ဘောလိဝုဒ်စူပါစတား ရှာရွတ်ခန်က အက်ရှင်ဇာတ်ကားများ ရိုက်ကူးရန် လေ့ကျင့်ပြင်ဆင်ရသည်ကို ငြီးငွေ့လာသောကြောင့် အချစ်ဇာတ်ကားတစ်ကားတွင် ပါဝင်သရုပ်ဆောင်လိုကြောင်း ထုတ်ဖော်ပြောကြား"

ပြည်ပရုပ်ရှင်သတင်း　စာမျက်နှာ - ၇

၂၅-၉-၂၀၁၁
(တနင်္ဂနွေနေ့)

# ပိုးသတ်ဆေးသုံးစွဲမှု သတိပြုဆင်ခြင်

လယ်ယာကဏ္ဍ၏ အဓိကလိုအပ်ချက်သည် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးဖြစ်သည်။ ဒေသအခြေအနေလိုက်၍ ဆည်တမံ၊ ရေထိန်းတံခါးများ တည်ဆောက်ပေးထားရာ ဆည်ရေသောက် စိုက်ပျိုးမြေတိုးတက်များပြားလာလျက်ရှိသည်။ မိုးစပါး၊ နွေစပါးနှင့် ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးမှုများ အောင်မြင်နေပြီ။ ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံရုံမျှမက ပိုလျှံတင်ပို့နိုင်နေပြီ။

မိုးစပါး၊ နွေစပါးများ စိုက်ပျိုးလျက်ရှိရာ နှစ်စဉ် စပါးအထွက်တိုးတက်မှု ရှိသည်။ စပါးနှင့်သီးနှံစုံ နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့လျက်ရှိရာ အရေအတွက်သာမက အရည်အသွေးကောင်း ဆန်များ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ ထို့အတူ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အထွက်နှုန်းတိုးရေးအတွက် ဓာတ်မြေသြဇာများကို သုံးစွဲနေကြသည်။ သီးနှံရောဂါပိုးမွှားများ ကာကွယ်နိုင်ရေး ပိုးသတ်ဆေးများ အသုံးပြုနေကြမြဲ ဖြစ်သည်။

အချို့သော စပါးခင်း၊ သီးနှံစိုက်ခင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပိုးအကျများသဖြင့် ပိုးသတ်ဆေးများ သုံးစွဲလျက်ရှိရာ အဆိပ်သင့်မှု မဖြစ်စေရေး ဂရုပြုလုပ်ကိုင်ကြရန်လိုအပ်သည်။ တောင်သူများ သုံးစွဲနေသည့် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများသည် အသုံးပြုနေသူ၏ နှာခေါင်း၊ ပါးစပ်၊ အရေပြားတို့မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ရောက်ရှိနိုင်သည်။ အဆိပ်သင့်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ပိုးသတ်ဆေးကို ရှူရှိုက်မိခြင်း၊ အရေပြားနှင့်ထိတွေ့မိခြင်းတို့ကြောင့် ချွေးစေးပြန်ခြင်း၊ မောပန်းခြင်း၊ အသက်ရှူကျပ်ခြင်းတို့ ဖြစ်လာနိုင်သည်။ ယင်းသို့ ဖြစ်ပေါ်လာသည့်အခါ ရှေးဦးသူနာပြုစုနည်းဖြင့်ပြုစု၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အဆိပ်သင့်စေသည့် ပိုးသတ်ဆေးဘူးနှင့်အတူ လျင်မြန်စွာ ပြသကြရပေမည်။ ပိုးသတ်ဆေးဖျန်းသည့်အခါ အကာအကွယ်အနေဖြင့် မျက်နှာဖုံးတပ်ဆင်ခြင်း၊ လက်အိတ်၊ ဖိနပ်လည်ရှည်နှင့် အင်္ကျီလက်ရှည် ဝတ်ဆင်ခြင်းများ ဂရုပြုသင့်သည်။

ပိုးသတ်ဆေးများကို လိုအပ်သည့် အချိုးအဆထက် ပိုမိုအသုံးပြုမိခြင်း၊ ရေနှင့်ရောစပ်ထားသည့် ဆေးရည်များကို အကာအကွယ်မရှိသည့် လက်ဖြင့်မွှေခြင်းတို့သည် အဆိပ်သင့်စေနိုင်သဖြင့် ရှောင်ကြဉ်ကြရပေမည်။ ထို့အတူ ပိုးသတ်ဆေးဘူးများကို အစားအသောက်၊ အဝတ်အထည်၊ လူသုံးဆေးဝါး၊ တိရစ္ဆာန်အစားအစာများနှင့် နီးစပ်စွာ မထားသင့်ပေ။ ပိုးသတ်ဆေးဘူးခွံများသည် အာနိသင်မကုန်ဘဲ အဆိပ်သင့်စေနိုင်သဖြင့် ဆေးကြောအသုံးပြုခြင်း၊ မြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်းများ မပြုလုပ်မိစေရေး သတိထားကြရမည်ဖြစ်သည်။

သီးနှံစိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ၊ ကုန်သွယ်ရောင်းဝယ် တင်ပို့သူများအနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြု၍ ပိုးမွှားကာကွယ်ခြင်း၊ စနစ်တကျ ရိတ်သိမ်းသိုလှောင်ခြင်း၊ သီးနှံစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲကြခြင်းဖြင့် အဆိပ်သင့်မှုများမှ သတိပြုကာကွယ်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄-၉-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၁၀၀ | ၀. ၀၃၂၃၅ |
| တရုတ် (ယွမ်) | ၆. ၃၈၈၀၀ | ၀. ၁၅၆၅၄ |
| အိန္ဒိယ (ရူပီး) | ၄၉. ၃၄၀၀ | ၀. ၀၂၀၂၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၅၀၀ | ၀. ၃၂၅၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၈၀၀ | ၀. ၇၇၀၄၂ |
| ဂျပန် (ယန်း) | ၇၆. ၅၈၀၀ | ၀. ၀၁၃၀၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၅. ၀၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၄၀၉၆ | ၁. ၃၄၉၆၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၆၅၈ | ၁. ၅၄၆၆၀ |

အင်တာနက်။

ဒေါပုံ အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စတုတ္ထတန်း၌ မြို့နယ်အဆင့်လူမှုရေးဘာသာ ပထမဆုရရှိသော မောင်ဟိန်းကျော်ဇောအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်း ဆုချီးမြှင့်စဉ်။
(ပညာရေး)

# အင်းလေးဖောင်တော်ဦးဘုရားများ ဒေသစာရီကြွချီမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ အဓိကဘုရားပွဲသုံးခုအနက် ညောင်ရွှေမြို့နယ် အင်းလေးဒေသ နန့်ဟူးကျေးရွာမှ ဖောင်တော်ဦးရုပ်ပွားတော်မြတ်လေးဆူသည် အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံမည်ဖြစ်ရာ စက်တင်ဘာ ၂၈ ရက် (သီတင်းကျွတ်လဆန်း ၁၁ရက်)တွင် စံကျောင်းတော်ဆင်းပွဲ ကျင်းပ၍ ဒေသစာရီ စတင်ကြွချီကာ ညောင်ရွှေမြို့သို့ အောက်တိုဘာ၄ ရက် (သီတင်းကျွတ်လဆန်း ၇)ရက်တွင် ရောက်ရှိ ညဉ့်ကျိန်းအပူဇော်ခံမည်ဖြစ်ပြီး အောက်တိုဘာ ၈ ရက် (သီတင်းကျွတ်လဆန်း ၁၁)ရက်တွင် ညောင်ရွှေမြို့မှ နန်းသဲ၊ မိုင်းသောက်သို့ ပြန်လည်ကြွချီကာ ဒေသစာရီ အစီအစဉ်အတိုင်း ဆက်လက်ခရီးလှည့်လည်မည်ဖြစ်သည်။

ရုပ်ပွားတော်များ ညောင်ရွှေမြို့သို့ ရောက်ရှိအပူဇော်ခံစဉ် ရိုးရာလှေပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အင်းလေးကန်ရေရှည်တည်တံ့ရေး ပညာပေးပြခန်းကိုလည်း ပြသမည်ဖြစ်ကာ ညပိုင်းတွင် ဈေးပွဲတော်များ၊ ဇာတ်ပွဲများဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက်တိုဘာ ၁၅ ရက်) တွင် အင်းလေး နန့်ဟူးရွာ စံကျောင်းတော်ကြီးသို့ ကျောင်းတော်ဝင်ပွဲနှင့် အင်းသားရိုးရာလှေပြိုင်ပွဲ၊ ဆွမ်းပို့လှေပြိုင်ပွဲတို့နှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

# ပြည်သူလူထုအား အလုပ်အကျွေးပြုနိုင်ပြီး ယုံကြည်အားကိုးရသည့် သူနာပြုသားဖွားဆရာမများအဖြစ် ရပ်တည်နိုင်အောင် ကြိုးစား

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသရေးလုပ်ငန်းများတွင် မြို့ပြနှင့် ကျေးလက် ကွာဟမှုနည်းပါးစေရေးအတွက် ကျေးလက်အောက်ခြေအရောက် အထိရောက်ဆုံးသော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ရရှိစေရန် ရည်ရွယ်ချက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာအုပ်စု ၆၃၄ အုပ်စုနှင့် ကျေးရွာပေါင်း ၂၁၅၄ ရွာတို့တွင် သားဖွားဆရာမ ၄၁၇ ဦးနှင့် အရန်သားဖွားဆရာမ ၁၂၄၆ ဦးတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသော်လည်း ကျေးရွာတိုင်းတွင် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုအတွက် အပြည့်အဝလွှမ်းခြုံနိုင်မှု မရှိသေးသည်ကို တွေ့ရှိရကြောင်း၊ ကျေးလက်ဒေသတွင် နေထိုင်ကြသော ကိုယ်ဝန်ဆောင်မိခင်များအတွက် ဘေးအန္တရာယ်ကင်းသော သားဖွားခြင်းနှင့် ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရစေရန်၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ရာခိုင်နှုန်းမြင့်မားစေရန်၊ ကျွမ်းကျင်သူနှင့် မွေးဖွားမှုနှုန်းမြင့်တင်နိုင်ရန် ရည်ရွယ်၍ ဤအရန်သားဖွားဆရာမ သင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း၊ အရန်သားဖွားဆရာမသင်တန်းမှ သင်တန်းဆင်းဆရာမများသည် ပြည်သူလူထုအား အလုပ်အကျွေးပြုနိုင်ပြီး ပြည်သူများက ယုံကြည်အားကိုးရသည့် သူနာပြုသားဖွားဆရာမများအဖြစ် ရပ်တည်နိုင်အောင် ကြိုးစားစေလိုကြကြောင်းဖြင့် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်၌ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသည့် သတ္တမအကြိမ် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်ခင်သက်ဌေးနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က အရန်သားဖွားဆရာမသုံး Kit ပုံးများကို ပေးအပ်ကြရာမြို့နယ်များမှ သင်တန်းဆင်းအရန်သားဖွားဆရာမများက လက်ခံကြသည်။ အဆိုပါသင်တန်းသို့ မြို့နယ် ၁၁ မြို့နယ်မှ သင်တန်းသူ ၁၀၈ ဦး တက်ရောက်အောင်မြင်ခဲ့ကြသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ သင်တန်းဆင်းအရန်သားဖွားဆရာမများအား အရန်သားဖွားဆရာမသုံး Kit ပုံးများကို ပေးအပ်စဉ်။**
(သတင်းစဉ်)

**မိဘများဖြစ်ကြသော အရေးပိုင်ဦးဘသင်း-ဒေါ်မမကြီး၊ အတွင်းဝန် ဦးလွင်-ဒေါ်လှတင်နှင့် ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (ရေ-၁၀၀၅) (၁၈)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဒေါ်စိုးလွင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေး ငွေပဒေသာပင်နှင့် သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၂၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

# အထက(၃) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

အထက(၃) ဗိုလ်တထောင် (ယခင် ရေကျော် အစိုးရအထက်တန်းကျောင်း) ၁၉၅၆-၁၉၇၁ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အစဉ်အလာမပျက် အာစရိယပူဇော်ပွဲကို သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် (ရွှေနားပန်ဘုရားဘေး)၏ အလှူမင်္ဂလာခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဒေါက်တာဌေးမြင့် ဖုန်း-၀၉-၅၀၂၇၂၅၁၊ ဦးအောင်မြင့်- ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၈၆၃၁၁၉၄၊ ဒေါ်တင်တင်အေး ဖုန်း-၀၁-၃၉၆၆၉၃၊ ဦးမျိုးသန့် ဖုန်း-၀၉-၅၁၈၆၀၉၉ နှင့် ဦးမောင်မောင်ဇော်ဝင်း ဖုန်း-၀၉-၇၃၁၁၃၄၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၉-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**နေ့လယ်ပိုင်း**

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၁၆)**
၁၁း၄၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၅၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်လက်ကမ်းစာ**
၁၂း၄၀ ၇။ ကျန်းမာသုတ
၁း၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၁၉)**
၁း၅၀ ၉။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း -ရေဆုံးမြေဆုံး(အပိုင်း-၂) (ဇာတ်သိမ်း)**

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ လျှပ်တစ်ပြက်
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ -ငါးရံ့သုံးကောင်ပုံပြင် (လုလု၊ နှင်းထက်ထက်ဝေ နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၉)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ထာဝရချစ်သူ(အပိုင်း-၅၄)**
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၈၁)**

# ဖလမ်း၌ သောက်သုံးရေသန့်လှူ

**ဖလမ်း စက်တင်ဘာ ၂၄**

ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ စေတနာရှင်များ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ ပူးပေါင်းလှူဒါန်းသော သောက်သုံးရေသန့်ဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် ဖလမ်းမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက ဖွင့်လှစ်ပေးကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

# အဝလွန်ခြင်းနှင့် ပတ်သက်၍ သတိပြုရန်လို

**ရန်ကုန်   စက်တင်ဘာ   ၂၄**

သာမန်ထက် ဝနေပါက မိမိ၏ကိုယ်၌ တိတ်တဆိတ် လူသတ်သမားရှိနေပြီဖြစ်သည်ကို သိရှိထားရမည်ဖြစ်ကြောင်း၊ အဝလွန်ခြင်းသည် မကူးစက်နိုင်သောရောဂါများတွင် ပါဝင်၍ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၌ တိတ်တဆိတ်လူသတ်သမားအဖြစ် မိမိတို့၏ နေ့စဉ်လူနေမှုဘဝတွင် အနှောင့်အယှက်ပေးလျက်ရှိကြောင်း။

အဝလွန်ခြင်းဖြစ်ရသည်မှာ နေ့စဉ်လိုအပ်သည့် ပမာဏထက်စားသုံးခြင်းနှင့် ဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးခြင်း၊ နေ့စဉ် သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းနှင့် နည်းပါးခြင်း၊ မျိုးရိုးဗီဇနှင့် အချို့သော ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးတို့ကြောင့် အဝလွန်ခြင်းတို့ ဖြစ်တတ်ကြောင်း။

အဝလွန်ခြင်းကို ကာကွယ်ကုသရန် အဆီများသော အစားအစာများကို လျှော့စားခြင်းနှင့် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးရန်လိုမည်ဖြစ်ကြောင်း၊ ဆန္ဒအရ ဆေးဝါးသောက်သုံးလိုလျှင်လည်း သုံးစွဲသူအတွက် နှလုံးရောဂါ၊ စိတ်ဝေဒနာနှင့် အတက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ပိတ်ပင်ထားသော (Sibutramine) ပါ ဆေးဝါးမျိုးကို ရှောင်ကြဉ်ရန်လိုကြောင်း သိရသည်။

အဝလွန်ခြင်းနှင့် စပ်လျဉ်းသည့် နောက်ဆုံးပေါ်ကုထုံးများနှင့်ပတ်သက်၍ စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ အဝလွန်ခြင်းနှင့် ပတ်သက်၍ နောက်ဆုံးပေါ်ကုထုံးများကို ဆွေးနွေးကြရာ ထိုဆွေးနွေးပွဲတွင် အဝလွန်ခြင်းနှင့် ပတ်သက်သော မှတ်သားစရာများကို သိရှိခဲ့ရသည်။ (ရီရီညွန့်-သတင်းစဉ်)

# ကုမ္ပဏီဝန်ထမ်းများအား လူမှုဖူလုံရေးအဖွဲ့က ဆေးကုသပြီး ပညာပေးဟောပြော

**ရန်ကုန်   စက်တင်ဘာ   ၂၄**

နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို အပြည့်အဝရရှိစေရန် ထိရောက်သော လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများရှိ ဝန်ထမ်းများ၊ လုပ်သားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေးဆောင်ရွက်ပေးခဲ့ရာမှ ယခုအခါ ကုမ္ပဏီဝန်ထမ်းများအားလည်း လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

K.T.Marine Co.,Ltd. သည်လည်း လူမှုဖူလုံရေးအဖွဲ့ဝင်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်ရာ စက်တင်ဘာ ၂၀ ရက်က လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲ (၇)မှ တာဝန်ခံ ဦးစိန်သန်းမြင့်၊ စစ်ဆေးရေးမှူး ဒေါ်ခင်ချိုဝင်း၊ ပုဇွန်တောင်မြို့နယ် လူမှုဖူလုံရေးဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာဥမ္မာနှင့် ကျန်းမာရေးဝန်ထမ်းများက K.T.Marine Co.,Ltd. မှ ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ ဆေးကုသမှုနှင့် ပညာပေးဟောပြောမှုကို ဆောင်ရွက်ပေးခဲ့သည်။ (နွဲ့နွဲ့ကြည်-သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်   စက်တင်ဘာ ၂၄**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ကိုဗိုယာမာမိုတိုနှင့်အဖွဲ့သည် ယမန်နေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

**သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ကိုဗိုယာမာမိုတိုနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ဟားခါးမြို့ မြို့သစ်ရပ်ကွက်နှင့် ဈေးသစ်ရပ်ကွက်တို့မှ တောင်သူများအား ချေးငွေထုတ်ပေးမှုများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ချင်းပြည်နယ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ဒုတိယအကြိမ် ပေးအပ်ပွဲကျင်းပ

**နေပြည်တော်   စက်တင်ဘာ   ၂၄**

ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် လယ်ယာစိုက်ပျိုးသည့် တောင်သူများအား ဒုတိယအကြိမ် စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်၍ ယခုနိုင်ငံတော်မှ ထုတ်ယူချေးငွေများကို တောင်သူဦးကြီးများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လယ်ယာစိုက်ပျိုးသည့် တောင်သူများအား စရိတ်ချေးငွေအဖြစ် ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ယင်းငွေများကို အကျိုးရှိစွာသုံးစွဲရန်နှင့် တောင်သူလယ်သမားများအတွက် အဓိကဝင်ငွေနှင့် ဒုတိယဝင်ငွေရရှိရန် တောင်သူလယ်သမားတစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီး မတတ်နိုင်သည့်အတွက် ဆင်းရဲမှုနှင့် အကြွေးတင်မှုမှ မလွတ်မြောက်နိုင်သည့် အခြေအနေမှ ကျော်လွှားနိုင်ရန် လက်ရှိ တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုပါ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးဗန်ထောင်းက နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးထွန်းဝင်းက ချေးငွေပြန်လည်ပေးဆပ်ရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဟားခါးမြို့ မြို့သစ်ရပ်ကွက်နှင့် ဈေးသစ်ရပ်ကွက်တို့မှ တောင်သူ ၅၆ ဦး၏ လယ် ၁၅၃ ဧကအတွက် ထုတ်ချေးငွေကျပ် ၃၀၆၀၀၀၀ ချေးယူထုတ်ပေးမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ကျန်အုပ်စု ၂၂ ခုနှင့် ရပ်ကွက်လေးရပ်ကွက်ကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

# ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေး ပညာပေးဟောပြောမည်

**ရန်ကုန်   စက်တင်ဘာ   ၂၄**

ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကကြီးမှူး၍ ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် FAO မှ Dr. Murray Maclean၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်နိုင်ဦးနှင့် ဒေါက်တာတင်တင်ရီတို့က ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ မွေးမြူရေးနှင့် ကုသရေးရုံးများ၌ ခွေးရူးရောဂါကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးမည်ဖြစ်သည်။ (သတင်းစဉ်)

# အငိုမျက်လုံးအပြုံးမျက်နှာ ဆက်လက်ပြသ

**ရန်ကုန်   စက်တင်ဘာ   ၂၄**

စက်တင်ဘာ ၂၃ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် Top Royal ရုံတို့တွင် ပြီးခဲ့သည့် သောကြာနေ့က ရုံတင်ပြသခဲ့သည့် **အငိုမျက်လုံး အပြုံးမျက်နှာ** မြန်မာရုပ်ရှင်ကားသစ် ဆက်လက်ပြသသည်။**(အောက်ပုံ)** ၎င်းဇာတ်ကားကို မင်းအုပ်စိုးက ဇာတ်ညွှန်း၊ ဇာတ်လမ်း၊ ဒါရိုက်တာ သရုပ်ဆောင်အဖြစ် ဘက်ပေါင်းစုံမှ ပါဝင်ရိုက်ကူးထားကာ မြန်မာ့အငြိမ့်လောက နောက်ခံပြုဇာတ်လမ်းဖြစ်သည်။ မင်းအုပ်စိုး၊ မော့စ်၊ ကုသိုလ်၊ ဧရာ၊ တိမ်ညွှန့်၊ ကင်းကောင်၊ ပေါ်လေး၊ ပိုစိ၊ လင်းဇာနည်ဇော်နှင့် ချိုပြုံးတို့ ခေါင်းဆောင်ပါဝင်ကြသည်။ အခြားမြန်မာ ဇာတ်ကားများဖြစ်သည့် **အိုင်လပ်ဖ်ယူ** ဇာတ်ကားနှင့် **အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်**ဇာတ်ကားမှာ တာမွေ ရွှေဗဟိုရုံနှင့် မြရတနာရုံတို့တွင် ပြသသည်။

**နိုင်ငံခြားရုပ်ရှင်**

ရွှေ့ဆောင်ရုံတွင် ပြသမည့် CAPTAIN AMERICA ဇာတ်ကားမှာ သိပ္ပံခေတ်လွန် ဇာတ်ကားတစ်ကားဖြစ်ပြီး ဂျာမန်အာဏာရှင် ဟစ်တလာ တန်ခိုးထွားစဉ်ကာလက အဖြစ်အပျက်များကို နောက်ခံပြုရိုက်ကူးထားသည့် လျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည်။

ယခုသောကြာပတ် နေပြည်တော်ရုံတွင် ပြသသည့် CONAN THE BARBARIAN ဇာတ်ကားမှာ ဟိုက်ဘားရီးယားခေတ် စီမာရီးယန်လူမျိုးစုဝင် လူငယ်လေးတစ်ဦး၏ ၎င်းဖခင်အားသတ်ဖြတ်ပြီး ၎င်းတို့ပိုင် ဂမ္ဘီရမျက်နှာဖုံးကို မတရားလုယူသွားသူတစ်ဦးအား ကလဲ့စားချေရန် ကြိုးစားစဉ် တွေ့ကြုံရသည့် သည်းထိတ်ရင်ဖို စွန့်စားခန်းများကို ရိုက်ကူးထားသည့် စွန့်စားမှုအသားပေးဇာတ်ကြမ်းကားတစ်ကားဖြစ်သည်။

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးကောင်းစိန် (ရွှေမန်းပို့ဆောင်ရေး-ရန်ကုန်)၏ မွေးနေ့အလှူအဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် တည်ဆောက်နေသော ဆေးခန်းဆောက်လုပ်ရာတွင် သုံးစွဲရန်အတွက် အလှူငွေကျပ်တစ်သိန်းကို အလှူရှင်ကိုယ်စား လှူဒါန်းစဉ်။**

(၃၄၂)

**ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ)မှ ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မမြအဥ္ဇလီအား အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းစံအောင် ဆုပေးအပ်ချီးမြှင့်စဉ်။**

(ကြေးမုံ)

# အမြန်လမ်းမ ဆလွန်းကားမှောက်၊ နှစ်ဦးသေ

**နွားထိုးကြီး   စက်တင်ဘာ   ၂၄**

နွားထိုးကြီးမြို့နယ် ပြင်စည်ရဲစခန်းပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၃၂၆/၀) နှင့် (၃၂၈/၇) ကြား မန္တလေးမှ နေပြည်တော်သို့ ဒရိုင်ဘာ မျိုးလွင် (၃၅) နှစ် အောင်မြေသာစံ မန္တလေးနေသူ မောင်းနှင်လာသော မရ/ယာယီ ဘရ ၂/၁၁ ဆလွန်းကားအညိုရောင်သည် အရှိန်မထိန်းနိုင်ဘဲ စက်တင်ဘာ ၁၂ ရက်တွင် တိမ်းမှောက်ရာ ဒရိုင်ဘာ မျိုးလွင်မှာ ပွဲချင်းပြီး သေဆုံးသွားသည်။

ယာဉ်ပေါ်ပါ ဒေါ်ရင်ရင်နု (၄၅)နှစ်၊ ဒေါ်နန်းကြင် (၆၉)နှစ်၊ ဒေါ်ပြုံး(၄၇)နှစ်၊ ယုမြတ်အောင်နှင့် လင်းထက်ကျော်သူ (၁၃)နှစ်တို့ ငါးဦး ဒဏ်ရာရရှိပြီး ကျောက်ဆည်ဆေးရုံ၌ ဆေးကုသလျက်ရှိပြီး ဒေါ်ရင်ရင်နုမှာ ဆေးရုံတွင် သေဆုံးသွားသည်။ ပြင်စည်ရဲစခန်းမှ ပ ၂၃/၂၀၁၁ ပုဒ်မ ၃၀၄(က) ၃၃၈/၃၃၇ ဖြင့် အရေးယူထားသည်။ (ဇ၅)

# ပါလက်စတိုင်းနိုင်ငံတော်ထူထောင်ရေး ကုလသမဂ္ဂ၌ မာမွတ်အဘတ်စ် တင်ပြ

နယူးယောက် စက်တင်ဘာ ၂၄

**ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ရေးဆိုင်ရာ အဆိုပြုချက်တစ်ရပ်ကို ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က ကုလသမဂ္ဂ အထွေထွေညီလာခံအစည်းအဝေးသို့ စက်တင်ဘာ ၂၃ရက်တွင် တင်ပြလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။**

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ရေး အဆိုပြုချက်ကို တင်သွင်းလိုက်ခြင်းဖြင့် တစ်နှစ်ကျော်မျှရပ်ဆိုင်းနေခဲ့သော အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည် လှုပ်ရှားသက်ဝင်လာမည်ဟု မျှော်လင့်ရသည်။

### မိန့်ခွန်းပြောကြားခဲ့

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားပြီးနောက် အစ္စရေးခေါင်းဆောင်ကလည်း ရှေ့ဆင့်နောက်ဆင့် မိန့်ခွန်းပြောကြားခဲ့သည်။ အစ္စရေးနှင့် ပါလက်စတိုင်းအကြား အပြီးသတ် သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် အဓိကဖြစ်ပေါ်နေသော ပြဿနာများနှင့်ပတ်သက်၍ အစ္စရေးခေါင်းဆောင်က တင်ပြခဲ့သည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ စင်မြင့်သို့ အဘတ်စ်ရောက်ရှိလာချိန်တွင် သြဘာသံများပေါ်ထွက်ခဲ့ပြီး မတ်တတ်ရပ်ကာ ဂါရဝပြုခဲ့ကြသည်။

အဘတ်စ်သည် ပါလက်စတိုင်းနိုင်ငံတော်ထူထောင်ရေး အဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီထံသို့ ဆက်လက်တင်ပြနိုင်ရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ ယင်းအဆိုပြုချက်ကို ပေးအပ်ခဲ့သည်။

ပါလက်စတိုင်း ပြည်သူတို့သည် လွတ်လပ်ရေးရရှိရန် အချိန်တန်ပြီဖြစ်ကြောင်း အဘတ်စ်ကပြောကြားသည်။

***အင်တာနက်။***

**စက်တင်ဘာ ၂၃ ရက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ တွေ့မြင်ရသော ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်။**



**ကမ္ဘာမြေသို့ ပြန်လည်ကျဆင်းလာသည့် အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအေဂျင်စီ (နာဆာ)၏ လေထုလွှာလေ့လာရေး ဂြိုဟ်တုကို တွေ့ရစဉ်။**

# နာဆာ၏ဂြိုဟ်တုဟောင်းတစ်လုံး ပစိဖိတ်သမုဒ္ဒရာတွင်းသို့ ကျဆင်း

ဝါရှင်တန် စက်တင်ဘာ ၂၄

**အမေရိကန်အာကာသအေဂျင်စီ(နာဆာ)၏ နှစ်ပေါင်း ၂၀ သက်တမ်းရှိ ဂြိုဟ်တုဟောင်းတစ်လုံး၏ အပျက်အစီးအပိုင်းအစများသည် ပစိဖိတ်သမုဒ္ဒရာအထက်ရှိ ကမ္ဘာ့လေထုလွှာအတွင်းသို့ စက်တင်ဘာ ၂၄ ရက် နံနက် အစောပိုင်း၌ ဝင်ရောက်ခဲ့ကြောင်း နာဆာအဖွဲ့က ထုတ်ပြန်ကြေညာသည်။**

ကမ္ဘာ့လေထုလွှာအထက်ပိုင်း လေ့လာရေးသုတေသန ဂြိုဟ်တု(ယူအေအာရ်အက်စ်)သည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်း၌ ကမ္ဘာမြေသို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်း နာဆာအဖွဲ့၏ ကြေညာချက်တွင်ဖော်ပြသည်။

အဆိုပါ ဂြိုဟ်တုဟောင်းသည် ပစိဖိတ်သမုဒ္ဒရာအထက်ရှိ ကမ္ဘာ့လေထုလွှာအတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဘန်ဒင်ဘတ်ဂ်လေတပ်စခန်းရှိ ပူးတွဲအာကာသအထူးလုပ်ငန်းများ ဗဟိုဌာနက ပြောကြားသည်။

ယင်းဂြိုဟ်တုဟောင်း၏ အပျက်အစီးအပိုင်းအစများသည် ကနေဒါနိုင်ငံပေါ်သို့ ကျရောက်ဖွယ်ရှိကြောင်း နာဆာက အစောပိုင်းတွင် ထင်မြင်ယူဆခဲ့သည်။ အကယ်၍ ဂြိုဟ်တုဟောင်းသည် ကမ္ဘာ့ကုန်းမြေပေါ်သို့ ကျရောက်မည်ဆိုပါက ကနေဒါနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းသို့ ကျရောက်ဖွယ်ရှိကြောင်း၊ သို့ရာတွင် ယခုအခါ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ကျရောက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂြိုဟ်တုဟောင်းသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ မီးလောင်ကာပျက်စီးသွားမည်ဟု မျှော်လင့်ရသည်။ ***အင်တာနက်။***

# ဆေးဝါးပူးပေါင်းထုတ်လုပ်ရန် ကျူးဘားနှင့် ဘရာဇီးတို့ လက်မှတ်ရေးထိုး

**ဟာဗားနား စက်တင်ဘာ ၂၄**

ကျူးဘားနှင့် ဘရာဇီးနှစ်နိုင်ငံတို့သည် ကင်ဆာရောဂါနှင့် ဆီးချိုရောဂါ ကုသရေးဆိုင်ရာ ဆေးဝါးများ ပူးပေါင်းထုတ်လုပ်မှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို စက်တင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ကင်ဆာရောဂါ ကုသရေးဆိုင်ရာ သုတေသနအဖွဲ့အစည်း ထူထောင်ရန် အဆိုပြုထားသော အဆိုပါစာချုပ်ကို ကျူးဘားနိုင်ငံ ကျန်းမာရေးဝန်ကြီး ရောဘတ်မိုလျဲနှင့် ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီး အလက်ဇန်းဒါးပါဒီလာတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

### မျှော်လင့်

ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးက ကျူးဘားနိုင်ငံ၏ ဇီဝနည်းပညာသုံး ဆေးဝါးများကို ဘရာဇီးနိုင်ငံတွင် ထုတ်လုပ် ရောင်းချသွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောဆိုခဲ့သည်။

လွန်ခဲ့သည့် ၂၅ နှစ်တာကာလအတွင်း၌ ကျူးဘားနိုင်ငံ၏ အစွမ်းထက်မြက်သော ကင်ဆာနှင့် ဆီးချိုရောဂါကုသရေး ဇီဝနည်းပညာသုံးဆေးဝါးများသည် ကမ္ဘာ့ဈေးကွက်တွင် ဦးဆောင်နေသည်။

ကျူးဘားနိုင်ငံထုတ် ဆေးဝါးများမှာ ကမ္ဘာလုံးဆိုင်ရာ ယုံကြည်ကိုးစားမှုကိုလည်း ရရှိထားသည်။

***အင်တာနက်။***

# ဖျူကလီးယားစက်ရုံမတော်တဆမှု နိုင်ငံတကာမိသားစု သင်ခန်းစာရယူနိုင်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၄**

ဂျပန်နိုင်ငံရှိ ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံ မတော်တဆမှုမှရရှိသော သင်ခန်းစာများ အားလုံးကို နိုင်ငံတကာမိသားစုအသိုက်အဝန်းတစ်ရပ်လုံးသို့ မျှဝေပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါက ကုလသမဂ္ဂ၌ စက်တင်ဘာ ၂၃ ရက်ကကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နျူကလီးယား မတော်တဆမှုဆိုင်ရာ သတင်းအချက်အလက်များကို ကမ္ဘာ့နိုင်ငံများအားလုံးသို့ ချက်ချင်းအသိပေးရန် အရေးကြီးကြောင်း နိုဒါက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ဖူကူရှီးမားနျူကလီးယားစက်ရုံ မတော်တဆမှုမှ သင်ခန်းစာများရယူရန် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်ကလှုပ်ခဲ့သော အင်အားပြင်းမြေငလျင်နှင့် ဆူနာမီရေလှိုင်းဘေးအန္တရာယ်တို့ကြောင့် နိုင်ငံအရှေ့မြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသတွင် ပြည်သူ ၂၀၀၀၀ ခန့်သေဆုံးခဲ့ရသည်။ ယင်းသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးရမှုတန်ဖိုးမှာ ဒေါ်လာငွေဘီလီယံပေါင်းများစွာရှိကြောင်း နိုဒါက ပြောကြားသည်။

ဆူနာမီရေလှိုင်းဖြစ်ပေါ်မှုကြောင့် အဆိုပါနျူကလီးယားစက်ရုံရှိ ဓာတ်ပေါင်းဖိုများအတွက် အသုံးပြုသော အအေးပေးစနစ်များ ပျက်စီးခဲ့ရသည်။

***ဆင်ဟွာ။***

**ဓာတ်ပေါင်းဖိုများ၏ အပူချိန်ကို လျှော့ချနိုင်ရန် ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံ၏ ဓာတ်ပေါင်းဖိုများကို ရေဖျန်းပက်နေစဉ်။**

# တက္ကဆက်ပြည်နယ်၌ တောမီးကြောင့် သစ်ထုတ်လုပ်ရေးလုပ်ငန်း ပျက်စီးဆုံးရှုံး

**ဟူစတန် စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ လွန်ခဲ့သည့် ၁၀လတာကာလအတွင်း နေရာပေါင်း ၂၀၀၀ကျော်တွင် တောမီးလောင်ကျွမ်းမှုများကြောင့် ပြည်နယ်၏ သစ်ထုတ်လုပ်ရေးလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံဖိုး ပျက်စီးဆုံးရှုံးရကြောင်း အမေရိကန်မီဒီယာများက စက်တင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြသည်။

တက္ကဆက်ပြည်နယ် သစ်တောဌာနမှ တာဝန်ရှိသူများ၏တွက်ချက်မှုကို ကိုးကားကာ တောမီးလောင်ကျွမ်းမှုကြောင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးရမှုတန်ဖိုးကို ဟူစတန်ခရော်နီကယ် သတင်းစာတွင် ရေးသားဖော်ပြခြင်းဖြစ်သည်။

### လောင်ကျွမ်းခံရ

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလ တောမီးလောင်ကျွမ်းသောရာသီ နောက်ပိုင်း တောမီးများလောင်ကျွမ်းမှု ၂၁၅၁ ကြိမ်ဖြစ်ပွားခဲ့ရာ သစ်တောမြေ စတုရန်းမီတာ ၈၄၀ ဒသမ ၆ သန်း (၂၀၇၇၆၃)ဧကမီးလောင်ကျွမ်းခံခဲ့ရပြီး သစ်ကုဗမီတာ ၄ ဒသမ ၉၅ သန်း (ကုဗပေ ၁၇၅သန်း) ဆုံးရှုံးခဲ့ရကြောင်း ယင်းသတင်းစာက ရေးသားသည်။

မီးလောင်မှုကြောင့် သစ်ထုတ်လုပ်ရေးလုပ်ငန်း ဆုံးရှုံးခဲ့ရပြီး တက္ကဆက်ပြည်နယ် အရှေ့ပိုင်းဒေသကို စီးပွားရေးအရ ဆိုးကျိုးသက်ရောက်စေကြောင်း ပြည်နယ်သစ်တောဌာနက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုများနှင့် လူသေဆုံးမှုတွင် လူတို့၏ စည်းစိမ်ဥစ္စာပစ္စည်းများလည်း ဆုံးရှုံးခဲ့ရသည်။ တောမီးလောင်ကျွမ်းမှုကြောင့် တက္ကဆက်ပြည်နယ်အရှေ့ပိုင်း၏ သစ်တောကဏ္ဍတစ်ရပ်လုံးတွင် ထိခိုက်မှုဖြစ်ပေါ်ရကြောင်း ပြည်နယ်သစ်တောဌာနမှ သစ်တောအရင်းအမြစ်ဆန်းစစ်ရေးမှူး ခရစ္စအက်ဒါက ပြောကြားသည်။

သစ်တောများတည်ရှိခြင်းဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဓာတ်ငွေ့များ စုဝေးခြင်းမရှိစေရန် ထိန်းညှိပေးနိုင်ခြင်း၊ သစ်တောများသည် ရေဝေရေလဲဒေသများကို ထိန်းသိမ်းပေးခြင်း၊ မြေဆီလွှာ တိုက်စားခြင်းမှ ကာကွယ်ပေးခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ ဂေဟစနစ်များကို ဖန်တီးပေးခြင်းတို့အတွက် အဖိုးထိုက်လှကြောင်း ၎င်းကပြောကြားသည်။

***ဆင်ဟွာ။***

# ဂျပန်နိုင်ငံ၏ ပျောက်ကွယ်လုဆဲဆဲ ရုက္ခဗေဒမျိုးရင်းများကို ဗြိတိန်နိုင်ငံ ထိန်းသိမ်း

**လန်ဒန် စက်တင်ဘာ ၂၄**

မိခင်မြေပေါ်တွင် မျိုးသုဉ်းမည့်အန္တရာယ်ကြုံတွေ့နေသော ဂျပန်နိုင်ငံ၏ အပင်မျိုးစိတ်အများအပြားသည် ဗြိတိန်နိုင်ငံ၌ ရှင်သန်ပေါက်ပွားလျက်ရှိကြောင်း စက်တင်ဘာ ၂၃ ရက်ထုတ် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

### ထိန်းသိမ်းထား

ဗြိတိန်နိုင်ငံ၏ ရုက္ခဗေဒဉယျာဉ်များ၌ ဂျပန်နိုင်ငံတွင် မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်ရှိသော အပင်မျိုးစိတ် ၃၅၀ ကျော်ကို ထိန်းသိမ်းထားကြောင်း ရုက္ခဗေဒဉယျာဉ်များ ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိကာလတွင် ဂျပန်နိုင်ငံတစ်နိုင်ငံတည်း၌ တည်ရှိသော၊ သို့ရာတွင် မျိုးသုဉ်းလုဆဲဆဲပြီဖြစ်သော အပင်မျိုးစိတ် ၁၀၆ မျိုးကို ဗြိတိန်နိုင်ငံ ရုက္ခဗေဒဉယျာဉ်များက ထိန်းသိမ်းထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

၁၈၅၄ ခုနှစ်မှစ၍ ဂျပန်နိုင်ငံသည် ရုက္ခဗေဒပညာရှင်များအတွက် ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်လာခဲ့ရသည်။

### အဓိကနေရာတစ်ခုဖြစ်

ဂျပန်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသ၌ ရုက္ခဗေဒဆိုင်ရာ လေ့လာချက်များအတွက် အဓိကနေရာတစ်ခု ဖြစ်လာခဲ့ပြီး။ ထူးဆန်းသော အပင်မျိုးစိတ်ပေါင်း ၇၀၀၀ ခန့် ရှင်သန်ပေါက်ပွားရာ နိုင်ငံတစ်နိုင်ငံအဖြစ် ရုက္ခဗေဒပညာ ရှင်များက သတ်မှတ်ခဲ့ကြသည်။

သို့ရာတွင် ဂျပန်နိုင်ငံ၌ မျိုးရင်းအဖြစ်ပေါက်ပွားသော အပင်မျိုးစိတ် ၄၀ ရာခိုင်နှုန်းခန့်မှာ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

***အင်တာနက်။***

## နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ၂၀၁၂ ခုနှစ် ရုရှားသမ္မတရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ပူတင် ဝင်ရောက်ယှဉ်ပြိုင်မည်

မော်စကို စက်တင်ဘာ ၂၄

**ရုရှားနိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က စနေနေ့တွင် ပြောကြားသည်။**

ရုရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသော ဗလာဒီမာပူတင်အနေဖြင့် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိရန် သေချာသလောက်ရှိရာ အနောက်အုပ်စုနိုင်ငံများအတွက် သဘောမတွေ့ ဖွယ် ကိစ္စတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

ဗလာဒီမာပူတင်၏ ယူနိုက်တက်ရုရှားပါတီသည် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းအဖြစ် ပူတင်ကို အမည်စာရင်းတင်သွင်းပြီးနောက် လက်ရှိသမ္မတဒီမစ်ထရီမက်ဗီဒက်အားဝန်ကြီးချုပ်ရာထူး၌ ဆက်လက်တာဝန်ပေးအပ်သွားရန် သဘောတူညီခဲ့သည်။

**၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လက်ရှိ ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်။** *(ဓာတ်ပုံ-အင်တာနက်)*

### စီမံကွပ်ကဲ

၂၀၀၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော မစ္စတာဗလာဒီမာပူတင်သည် ရုရှားနိုင်ငံကို ထိန်းချုပ်ဒီမိုကရေစီစနစ် (managed democracy) ဖြင့် စီမံကွပ်ကဲခဲ့သည်။

### ရှုမြင်ထား

အဂတိလိုက်စားမှု၊ အစ္စလာမ့်အစွန်းရောက်ဝါဒီများ၏ အန္တရာယ်နှင့် စီးပွားရေးဆိုင်ရာ အဆင့်အတန်းကွဲပြားမှုများနှင့် ရင်ဆိုင်နေခဲ့ရသော ရုရှားနိုင်ငံအတွက် ဗလာဒီမာပူတင်သည် မရှိမဖြစ်လိုအပ်သည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ရုရှားနိုင်ငံသားအများစုက ရှုမြင်ထားကြသည်။

ရုရှားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို အမျိုးသားပါလီမန်လွှတ်တော်ရွေးကောက်ပွဲ မကျင်းပမီကာလ ၂၀၁၂ ခုနှစ် မတ်လ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ အမျိုးသားပါလီမန် လွှတ်တော်ရွေးကောက်ပွဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

အင်တာနက်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၉-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၈။ "အဖိုးတန်အသုံးဝင်မြန်မာ့ဆင်"
- ၈း၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသမီး)
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၁၀)**
- ၁၂း၃၀ ၅။ **"ရေဆုံးမြေဆုံး" (ခန့်စည်သူ၊ မင်းရာဇာ၊ ကျော်ဇောဟိန်း၊မင်းဟိဏ်း၊ အောင်ပိုင်၊ မြတ်မင်းခန့်၊ ထွန်းထွန်းဝင်း၊ရိုတ၊စိုးမြတ်နန္ဒာ)(ဒါရိုက်တာ-မလိခ စိုးထိုက်အောင်)**
- ၂း၀၀ ၆။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင်(ပထမတန်း)အဆင့်] (အမျိုးသမီး)
- ၂း၁၅ ၇။ အတီးပြိုင်ပွဲ
- ၂း၃၀ ၈။ ဂီတသံစဉ်အလှဆင်
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ရောဝတီယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်း)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၁၁)**
- ၆း၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ "အကြောင်းမတိုက်ဆိုင်လို့" (မင်းသူ၊ ခိုင်နှင်းဝေ၊ [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၁၈)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဂုဏ်ပြုဇာတ်လမ်း "အရေးကြုံရင် ကြေးမုံရှိတယ်" (ခန့်စည်သူ၊ ဘုန်းလှိုု၊ နေယံ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ချစ်စနိုးဦး၊ ခင်လေးနွယ်၊ ခရစ္စတီးနား၊ အိချောပို) (ဒါရိုက်တာ-ဇော်မြင့်ဦး၊ ခန့်စည်သူ)
- ၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၅၂)**
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၁၂)**
- ၁၄။ အစီအစဉ်ပြီး၏။

## ထိုင်းနိုင်ငံ ရေလွှမ်းမိုးမှုတွင် လူပေါင်း ၁၃၀ သေဆုံး၊ နှစ်ဦးပျောက်ဆုံး

ဗန်ကောက် စက်တင်ဘာ ၂၄

ထိုင်းနိုင်ငံ၌ နှစ်လကြာမျှ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၃၀ အထိ သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေကြောင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ် ရေးဌာနက စက်တင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

### ရေလွှမ်းမိုးဆဲ

ပြည်နယ်ပေါင်း ၂၄ ပြည်နယ်၌ ယခုထက်တိုင်အောင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အထူးသဖြင့် နိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့၌ ရေလွှမ်းမိုးမှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

ခရိုင်ပေါင်း ၁၆၅ခရိုင်ရှိ ပြည်သူ ၁ ဒသမ ၉သန်း ကျော်မှာ ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

### မိုးသည်းထန်စွာရွာ

ထိုင်းနိုင်ငံ၊ ကပ္ပလီပင်လယ်နှင့် ထိုင်းပင်လယ်ကွေ့တို့၌ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေ စတုရန်းမီတာ ၂၃၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ခန့်မှန်းရကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

*ဆင်ဟွာ။*

**အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာနှင့် ဗိုလ်ချုပ်ကြီး မိုက်မူလန် (ယာ)တို့ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်၏စွပ်စွဲချက် မိတ်ဆွေနိုင်ငံ ဆုံးရှုံးသွားနိုင်ဟု ပါကစ္စတန်သတိပေး

အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၄

**အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အမေရိကန်ပစ်မှတ်များကို စစ်သွေးကြွများက တိုက်ခိုက်ရာတွင် ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က ကူညီခဲ့ကြောင်း အမေရိကန်တို့၏ စွပ်စွဲချက်များ ထွက်ပေါ်လာပြီးနောက် ပါကစ္စတန်အစိုးရနှင့် အမေရိကန်ပြည်ထောင်စုတို့ မိတ်ဆွေအဖြစ်မှ ပြတ်တောက်နိုင်ကြောင်း ပါကစ္စတန်နိုင်ငံက သတိပေးလိုက်သည်ဟု စက်တင်ဘာ ၂၄ ရက် သတင်းတွင် ဖော်ပြသည်။**

အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုက်မူလန်၏ စွပ်စွဲချက်သည် ပါကစ္စတန်နိုင်ငံအတွက် အထိခိုက်ဆုံး ကိစ္စရပ်ဖြစ်သည်။ ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဟီနာရပ်ဘာနီခါက ယင်းစွပ်စွဲချက်ကို ပယ်ချခဲ့ပြီး အခြေအမြစ် မရှိသော စွပ်စွဲချက်အဖြစ် သတ်မှတ်ခဲ့သည်။

### ဆုံးရှုံးသွားနိုင်

မိတ်ဆွေနိုင်ငံတစ်နိုင်ငံအပေါ် လူသိရှင်ကြားစွပ်စွဲပြောကြားခြင်းဖြင့် အရှက်ရစေခြင်းကို လက်ခံလိမ့်မည်မဟုတ်ကြောင်း၊ အမေရိကန်တို့အတွက် မိတ်ဆွေနိုင်ငံတစ်နိုင်ငံ ဆုံးရှုံးသွားနိုင်ကြောင်း စက်တင်ဘာ ၂၃ ရက်က ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ ရောက်ရှိနေသော ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးက အသံလွှင့်ပြောကြားသွားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် အမေရိကန်တို့၏ ဘဏ္ဍာရေး အထောက်အပံ့နှင့် နိုင်ငံတကာထောက်ခံမှုကို လိုအပ်သကဲ့သို့ အမေရိကန်နိုင်ငံအနေဖြင့်လည်း စစ်သွေးကြွများကို တိုက်ခိုက်ရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိရန် ပါကစ္စတန်၏ အကူအညီလိုအပ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက နှစ်နိုင်ငံအကျိုးစီးပွား ထောက်ရှု၍ ပြောကြားသွားခဲ့သည်။

### ထောက်ပံ့ခဲ့

လွန်ခဲ့သည့် သီတင်းတစ်ပတ်အတွင်း၌ အာဖဂန်နစ္စတန်ရှိ အမေရိကန်သံရုံးကို ဟက်ကာနီအကြမ်းဖက်အုပ်စုက ၂၂ နာရီကြာတိုက်ခိုက်ခဲ့ရာတွင် လည်းကောင်း၊ ထိုနေ့ မတိုင်မီက အမေရိကန်တပ်ဖွဲ့ဝင် ၇၇ ဦး ဒဏ်ရာရရှိခဲ့သော ကားဗုံးခွဲတိုက်ခိုက်ရာတွင် လည်းကောင်း ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့က အထောက်အပံ့ပေးခဲ့သည်ဟု ဗိုလ်ချုပ်ကြီး မိုက်မူလန်က အထက်လွှတ်တော် ကြားနာမှု တစ်ရပ်၌ စက်တင်ဘာ ၂၂ ရက်က ပြောကြားသွားခဲ့သည်။

*အေပီ။*

# တရားမဝင်ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

တရားမဝင်ဖွင့်လှစ်ရောင်းချနေသည့် အရက်ဆိုင်များနှင့်စားသောက်ဆိုင်ဥပစာအတွင်းတွင်သာ သောက်သုံးရန်ဖွင့်လှစ်ရောင်းချခွင့်ပြုထားသော်လည်း လိုက်နာခြင်းမရှိဘဲ စားသောက်ဆိုင် ဥပစာပြင်ပတွင် ရောင်းချနေကြသည့် ဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ယစ်မျိုးစီမံခန့်ခွဲမှု၊ အခွန်စည်းကြပ်မှုနှင့် ကောက်ခံမှုများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး တရားမဝင် အရက်သေစာများ ချက်လုပ်မှု၊ သယ်ယူမှု၊ လက်ဝယ်ထားရှိမှု၊ ရောင်းချမှုများကို စုံစမ်းထောက်လှမ်းခြင်း၊ အရေးယူခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်နေသည့်အပြင် တရားရုံးများကလည်း ပြစ်ဒဏ်ချမှတ်ခြင်း၊ အာမခံနှင့် ခံဝန်ချုပ်ဆိုခြင်းများကို ယစ်မျိုးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားချက်တွင် ထည့်သွင်းပြောဆိုခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် ခွင့်ပြုသင့်သည့် အရေအတွက်နှင့် ခွင့်ပြုရန်မသင့်သည်များကို စိစစ်ပြီး အစိုးရအဖွဲ့သို့ ခွင့်ပြုချက်ရယူပြီးမှသာ တစ်နိုင်ငံလုံးအတွက် လိုင်စင်ခွင့်ပြုခြင်းဖြစ်ရာ ယခုနှစ် ၂၀၁၁ ခုနှစ်အတွက် ယစ်မျိုးလိုင်စင် ၂၈ မျိုး၊ လိုင်စင်အရေအတွက် ၄၁၃၀၃ ခု ခွင့်ပြုပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် ယစ်မျိုးလိုင်စင်အရေအတွက် ၈၉၆၉ ခု ပါဝင်သည်ဟု သိရသည်။ ခွင့်ပြုထားသည့် လိုင်စင်စည်းကမ်းနှင့်အညီ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်းသို့ တရားမဝင်တင်သွင်း ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပ စီးကရက်၊ အရက်၊ ဘီယာ၊ ဝိုင်နှင့် သောက်ရေသန့်များကိုလည်း စစ်ဆေးဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ လေလံတင်ရောင်းချခြင်းများကို စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားသွားခဲ့သည်။

စားသောက်ဆိုင်ဥပစာအပြင်၊ အများပြည်သူသွားလာနေသည့် နေရာများ၊ နေအိမ် အောက်ဆုံးထပ်များတွင် အရက်၊ ဘီယာဆိုင်များ ဖွင့်လှစ်ရောင်းချနေခြင်းများကြောင့်လည်း ပတ်ဝန်းကျင်တွင် နေထိုင်သူများကို စိတ်အနှောင့်အယှက်ပေးလျက်ရှိပြီး အဆိုပါဆိုင်များမှ အကြော်အလှော်အနံ့များ၊ အကင်နံ့များကြောင့်လည်း ကျန်းမာရေးထိခိုက်မှုဖြစ်ပေါ်နေသည်ဟု သိရသည်။ ထို့ပြင် ယဉ်ကျေးမှု၊ ဘာသာတရားရှုထောင့်၊ လူမှုဒုက္ခများနှင့် လူငယ်လူရွယ်များ လမ်းမှားရောက်စေနိုင်သောကြောင့် ပိုမိုကြပ်မတ်ဆောင်ရွက်သင့်သည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။ (၀၀၁)

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

# ခိုးထောက်လုယက်မှု အကြိမ်ကြိမ်ကျူးလွန်သူများအား ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဖော်ထုတ်မှုကြောင့် ဓားထောက်လုယက်မှု အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြသူများအား ဖမ်းဆီးရမိခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၄ ရက် ည ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက်ရှိ ယုဇနဂါးဒင်းဟိုတယ်အနီး ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်တွေ့ရှိရသည့် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးရပ်ကွက်နေ မိုးတိမ်(ခ)ကိုကိုကျော်(၂၂)နှစ်၊ သိင်္ဂီဝင်း (၃၄)နှစ်နှင့် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားလမ်းနေ သက်ဇော်ဟန်(၂၃)နှစ်တို့ သုံးဦးအား စစ်ဆေးခဲ့ရာ ဇူလိုင် ၁၂ ရက် ည ၉ နာရီက အထက(၁)ဒဂုံရှေ့မှကားငှားပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဘေး ကျောက်တိုင်မှတ်တိုင်အနီး၌ အငှားယာဉ်မောင်းအား ဓားထောက်ငွေတောင်းပြီး ကားကိုလုယူမောင်းနှင်သွားသောအမှုနှင့် ဩဂုတ် ၂၂ ရက် ည ၈ နာရီ ၁၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက်နေ ကျူရှင်ဆရာမတစ်ဦးအား ဒဂုံမြို့နယ် ယောက်လမ်းမှတ်တိုင်၌ ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးကို ဓားထောက်ဆွဲဖြတ်လုယူသွားသောအမှုတို့ကို ကျူးလွန်ခဲ့ကြသူများဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။

ဆက်လက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ငတစ်(ခ) နေဇာလင်း(ခ)ငမဲ(၁၈)နှစ်နှင့် မအုန်းရီ (၃၈)နှစ်တို့ နှစ်ဦးတို့ပါ ပြစ်မှုကျူးလွန်ခဲ့ကြသူများဖြစ်ကြောင်းသိရှိရသဖြင့် ထပ်မံဖမ်းဆီးပြီး စစ်ဆေးခဲ့ရာ ၎င်းတို့အဖွဲ့သည် ဗဟန်းမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်များအတွင်း အငှားယာဉ်မောင်းများထံမှ ဓားထောက်လုယူခဲ့သည့်အမှုများ မကြာခဏ ကျူးလွန်ခဲ့ကြသူများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ဩဂုတ် ၁၆ ရက် ည ၈ နာရီက ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်နေ မစုသက်ရည်နှင့် သူငယ်ချင်းဖြစ်သူ ကိုတရုတ်ကြီး(ခ)စိုင်းမြင့်ကြည်တို့သည် မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနဂါးဒင်းဟိုတယ်အနီးရှိ လူကူးခုံးတံတားလှေကားထစ်၌ စကားပြောနေစဉ် ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ စိန်တစ်လုံးပါ ဆွဲသီးအပါအဝင် ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် စိန်တစ်လုံးပါ ပလက်တီနမ်လက်စွပ်တစ်ကွင်းတို့ လုယက်ခံရမှုတွင်လည်း ၎င်းတို့ပင် ကျူးလွန်ခဲ့ကြောင်း ထပ်မံစုံစမ်းသိရှိခဲ့ရာ သက်သေခံပစ္စည်းများကို လိုက်လံသိမ်းဆည်းပြီး ဓားထောက်လုယက်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြသည့် မိုးတိမ်(ခ)ကိုကိုကျော်၊ သိင်္ဂီဝင်း၊ ငတစ်(ခ) နေဇာလင်း(ခ)ငမဲ၊ မအုန်းရီနှင့် သက်ဇော်ဟန်တို့အား ထိရောက်သည့် ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာ ရဲစခန်းက ဆောင်ရွက်လျက်ရှိသည်။

(ရီရီမြင့်-သတင်းစဉ်)

# သွားပိုးချလို့ မရပါ

**ဒေါက်တာမိုလာ**

တန်ဖိုးသတ်မှတ်ချက်ဟူသည် လိုအင်ဆန္ဒနှင့် ဆက်စပ်ပါသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းတွင် သွားများ ကျန်းမာကောင်းမွန်ပြီး ပြည့်စုံသောသူတစ်ယောက်အတွက် သွား၏ တန်ဖိုးကို မတိုင်းတာနိုင်ပါ။ သွားမရှိသူများ၊ မကျန်းမာသော သူများမှာ လိုအပ်ချက်ကို ခံစားနေရသူများဖြစ်၍ သွားကို တန်ဖိုးထားကြပါသည်။ သွားမရှိသူများသည် သွားရှိသူများ ထက်ပို၍ တန်ဖိုးအတိုင်းအတာကို နားလည်ကြပါသည်။ သွားမရှိသူများ၏ခံစားချက်များကို ဖော်ပြပေးရန် ခက်ခဲလှပါသည်။ ငွေကြေးနှင့် မဖြေရှင်းနိုင်ပါ။ ငွေကြေးဖြင့် ပြုပြင်ရလာသောသွားသည် သွားတုဖြစ်နေပါလိမ့်မည်။ သွားတုသည် ခံစားချက်မရှိပါ။

လူသားဘဝဖြစ်စဉ်တွင် သွားထွက်ပေါ်လာမှုသက်တမ်း နှစ်ကြိမ်ရှိပါသည်။ ငယ်သွားသက်တမ်းနှင့် ကြီးသွားသက်တမ်း ဖြစ်ပါသည်။ သွားများ၏ အဓိကတာဝန်သည် ကြီးသော၊ မာသောအစားအစာများကို ငယ်သော၊ နူးညံ့သော အစားအစာ အဖြစ်သို့ ကူးပြောင်းပေးရန်အတွက် ကြိတ်ဝါးပေးရပါသည်။ မျက်နှာ၏ ပုံပန်းသဏ္ဌာန် အလှအပပြေပြစ်မှုနှင့် ဥပဓိကို သွားက ဖော်ကျူးပါသည်။ သွားရှိနေ၍ ပြောဆိုသော စကားအသံများ ပီသစွာရွတ်ဆိုနိုင်ခြင်း ဖြစ်သည်။ သွားကောင်း၍ ပြည့်စုံနေသောကြောင့် စိတ်ကို ကြည်နူးရပါသည်။ သွားနှင့် ခံတွင်း ကျန်းမာခြင်းကြောင့် ခန္ဓာကိုယ်တွင်း ရောဂါများ ကင်းစင်ပါသည်။

ငယ်သွားများသည် ခြောက်လသားမှ အသက် (၁၁)နှစ် အတွင်းရှိပြီး ကြီးသွားများသည် ခြောက်နှစ်မှ (၁၈) နှစ် နောက်ပိုင်း အတွင်းရှိပါသည်။ ငယ်သွား၊ ကြီးသွားရောသော အချိန်သည် ခြောက်နှစ်သားမှ (၁၁)နှစ်အတွင်း ဖြစ်ပါသည်။ ငယ်သွားသည် စုစုပေါင်းအရေအတွက်အားဖြင့် အချောင်း ၂၀ ရှိပြီး ကြီးသွားသည် ၃၂ ချောင်း ရှိပါသည်။ သွားများကို အလွှာလိုက်လေ့လာကြည့်မည်ဆိုလျှင် အပေါ်ယံဖြူနေသော အလွှာသည် ကြွေသွားလွှာ(Enamel)ဖြစ်ပြီး အောက်အလွှာသည် အဝါရောင်ရှိသော ဆင်စွယ်နှစ်လွှာ (Dentine) ဖြစ်ပါသည်။ အတွင်းဆုံးအလွှာသည် သွား၏အသက်ဖြစ်ပြီး သွား၏ခံစားချက်ကို ဖော်ထုတ်ပေးသော အသားနုလွှာ (Pulp) ဖြစ်ပါသည်။

သွားများပျက်စီးဆုံးရှုံးရသော အဓိကအကြောင်းရင်းများသည် သွားဆွေးခြင်း(သို့မဟုတ်) သွားပိုးစားခြင်း ရောဂါနှင့် သွားမြစ်ဝန်းပတ် ရောင်ရမ်းနာကြောင့် ဖြစ်သည်။ သွားပိုးစားရောဂါသည် အရွယ်မရွေး တွေ့နိုင်ပြီး ငယ်ရွယ်စဉ် ပို၍ အဖြစ်များပါသည်။ သွားဖုံးနှင့် နွယ်သောရောဂါသည် အသက်ကြီးသောအချိန် ပို၍တွေ့ရပါသည်။ အမေရိကန်နိုင်ငံရှိ ကလေးများ သွားကိုက်သွားနာ ဝေဒနာခံစားရ၍ ကျောင်းပျက်ရက်များ ရသည်ဟု ဆိုပါသည်။

**သွားပိုးစားခြင်းဟု အများက ခေါ်ဆိုသတ်မှတ်ကြသော်လည်း သွားပိုးစားခြင်းဟူသည် မရှိပါ။** သွားပိုးချ၍လည်း မရပါ။ ဘီစီ ၅၀၀၀ မှ စာတမ်းများအရ သွားပိုးစားခြင်းသည် သွားပိုးကောင်များ (Tooth Worm)မှ ဖြစ်ရသည်ဟု ဖော်ပြခဲ့ပါသည်။ ထိုအထောက်အထားမှ အိန္ဒိယ၊ အီဂျစ်၊ ဂျပန်၊ တရုတ်နှင့် မြန်မာနိုင်ငံအပါအဝင် သွားပိုးကောင်များရှိသည်ကို ယုံကြည်ခဲ့ကြပါသည်။ ယခုအခြေအနေအထိ ကျေးရွာအနှံ့အပြားတွင် သွားပိုးချပြသခြင်း၊ ဆေးလူးခြင်း၊ ဆေးငုံခြင်းများကို ညွှန်းဆိုဖော်ပြဆဲဖြစ်ပါသည်။ ပါးစပ်တွင်း ဗက်တီးရီးယားအမျိုးအစားပေါင်း ၅၀၀ ကျော်ရှိပါသည်။ သွားဘက်ဆိုင်ရာ ဖခင်ကြီးဟုခေါ်သော ပီယာဖော်ချတ် (Pierre Fauchard) သည် သွားပိုးစားခြင်းကြောင့်မဟုတ်၊ သွားဆွေးမြည့်ခြင်းကြောင့် ဖြစ်ရသည်ဟု ဖော်ထုတ်ခဲ့ပါသည်။

ပါးစပ်တွင်းရှိနေသော ဗက်တီးရီးယားများသည် စားထားသော သွားကြိုသွားကြားရှိ စားကြွင်းစားကျန်ထဲမှ ကာဗွန်ဟိုက်ဒြိတ်ဓာတ်နှင့် အချဉ်ဖောက်ခြင်းဖြစ်စဉ်အရ လက်တစ်အက်စစ် (Lactic Acid) ကို ဖြစ်ပေါ်ပြီး သွားမျက်နှာပြင်ကို အလွှာလိုက် ဆွေးမြည့်ပျက်စီးစေပါသည်။ ကြွေသွားလွှာသည် ခန္ဓာကိုယ်တွင်း၌ အမာဆုံးဖြစ်သော်လည်း အက်စစ်ကြောင့် နူးညံ့ပျော့ပျောင်းစေပါသည်။ သွား၏အလွှာများကို ကြွက်တွင်းပေါက်ကဲ့သို့ မွစာကြဲကြေမွပြီး အပေါက်ကို ဖြစ်ပေါ်စေပါသည်။ ထိုအပေါက်ကို သွားပိုးစားပေါက်ဟု ခေါ်ဆိုပြီး သွားပိုးကောင်များ ရှိသည်ဟုဆိုကာ သွားပိုးချနေခြင်းသာ ဖြစ်ပါသည်။

သွားဆွေးမြည့်ခြင်းတွင် ကလေးများအတွက် ငယ်သွားများကို သွားဆွေးခြင်းဖြစ်စဉ်သည် လျင်မြန်စွာကူးစက်ပါသည်။ ကလေးများ အငိုတိတ်လိုသော ရည်ရွယ်ချက်ဖြင့် နို့ဘူးများကို အိပ်နေချိန်တွင် ပါးစပ်ထဲထည့်၍ အိပ်စေခြင်းသည် သွားဆွေးခြင်းကို ပို၍ဖြစ်စေပါသည်။ သွားဆွေးခြင်းသည် ရောဂါဖြစ်သော်လည်း ကူးစက်ရောဂါမဟုတ်။ တစ်ယောက်သောသူမှ တခြားသောသူသို့ မကူးစက်ပါ။ သွားတစ်ချောင်းမှနေ၍ နောက်တစ်ချောင်းသို့လည်း မကူးပါ။ သွားဆွေးပြီး သွားကိုက်သွားနာခြင်းသည် ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်စဉ်ဖြစ်သည်။ ကလေးငယ်များသည် ကြီးသွားပေါက်လာမည်ဖြစ်၍ တစ်ချိန်မှာ နုတ်ရမည်ဆိုသော်ငြားလည်း ငယ်သွားများ ကလေး၏ပါးစပ်တွင်း သက်တမ်းစေ့ရှိခြင်းသည် သွားကျန်းမာ၍ အစားအစာကို ကြေညက်စွာစားနိုင်ခြင်း၊ ကြီးသွားထွက်လျှင် ပုံမှန်ထွက်ပေါ်လာခြင်း၊ စကားပြောဆိုရသော အသံပီသခြင်းတို့ကို ခံစားရပါသည်။ ကလေးများ၏ သွားကိုက်သွားနာကင်းဝေးခြင်းသည် မိဘများအတွက် အလုပ်ရှုပ်ခြင်းမှ ဝေးစေပါသည်။ ထို့ကြောင့် ကလေးငယ်များ ငယ်စဉ်ကတည်းက သွားမဆွေးရအောင် လုပ်ဆောင်ပေးရပါမည်။

သွားဆွေးခြင်းကို မိမိဘာသာ စစ်ဆေးရရှိနိုင်ပါသည်။ ကြည့်မှန်နှင့် သန့်ရှင်း၍ ချွန်ထက်သောကိရိယာသာ လိုအပ်ပါသည်။ မျက်စိနှင့်ကြည့်လျှင် သွားမျက်နှာပြင်၌ အမည်းစက်၊ အမည်းပေါက်များရှိနေသည်ကို မြင်တွေ့နိုင်သည်။ ချွန်ထက်သောအရာနှင့် ထိုးကြည့်လျှင် အပေါက်ကို စမ်းမိပါလိမ့်မည်။ အတွင်းပိုင်းတွင်းသို့ လွန်ကြူးစွာ ဖိပြီးမစမ်းရပါ။ မီးရောင်နှင့် ထိုးကြည့်လျှင် အရောင်မတူသော သွားအရိပ်များကို မြင်ရသည်။ ရေပူ၊ ရေအေးထိလျှင် အခြေအနေဆိုးနေသော သွားဆွေးခြင်း ဖြစ်ပါက သွားကျဉ်ခြင်း၊ သွားနာခြင်း ခံစားရသည်။ ဓာတ်မှန်ရိုက်ကြည့်လျှင် သွားဆွေးခြင်းကို ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

သွားဆွေးခြင်းသည် ချောမွေ့သော သွားမျက်နှာပြင်နှင့် ကြမ်းတမ်းသော သွားမျက်နှာပြင်များတွင် ဖြစ်ပေါ်နိုင်ပါသည်။ ချောမွေ့သောသွားမျက်နှာပြင်သည် သွားနှစ်ချောင်းကြားနှင့် သွားဖုံးနားတစ်ဝိုက်ဖြစ်သည်။ ကြမ်းတမ်းသောသွားမျက်နှာပြင်သည် သွား၏ ကြိတ်ဝါးမျက်နှာပြင်ရှိ သွားမြောင်းများတွင်ဖြစ်သည်။ စားကြွင်းစားကျန်များသည် ဖယ်ရှားရန် ခက်ခဲသော နေရာများ၌ ရွှေ့ပြီးတွယ်ကပ်ဖြစ်သည်။ သွားဆွေးသည့်နေရာများ ကွဲပြားသကဲ့သို့ သွားဆွေးလမ်းကြောင်းဖြစ်စဉ်များလည်း မတူညီပါ။ ကြိတ်ဝါးမျက်နှာပြင်တွင် သွားဆွေးပေါက်အဝ ကျဉ်း၍ အတွင်းပိုင်း၌ကျယ်ပြီး ကြီးနေသောကြောင့် အများစုမှာ သွားဆွေးခြင်းကို လွယ်လင့်တကူမသိရှိကြပါ။ သွားဖုံးနားတွင် သွားဆွေးခြင်းသည် အဝကျယ်ပြီး အတွင်းမှာ ကျဉ်းမြောင်းသွားပါသည်။ သွားဆွေးရာလမ်းကြောင်းဖြစ်စဉ်သည် မသိရှိကြ၍ အမှုမဲ့အမှတ်မဲ့နေကြရာမှ ရောဂါပိုဆိုးပြီး နောက်ကျနေခြင်း ဖြစ်သည်။

သွားဆွေးခြင်းကို ဖြစ်ပေါ်စေရန်အတွက် သွား၊ ဗက်တီးရီးယား၊ သွားမျက်နှာပြင်ရှိ တွယ်ကပ်နေသော စားကြွင်းစားကျန်၊ အချိန်တို့လိုအပ်ပါသည်။ အစာစားပြီးပြီးချင်း သွားဆွေးလာခြင်း မဟုတ်ပါ။ သွားဆွေးခြင်းကို ပိုမိုအားပေးသော အချက်မှာ တံတွေးအထွက်နည်းခြင်းလည်း ပါပါသည်။ တံတွေးအထွက်နည်းနိုင်သော အခြေအနေများသည် တံတွေးဂလင်းရောဂါ၊ ဆီးချိုရောဂါ၊ စားရသောဆေးဝါးများ (ဥပမာ-စိတ်ကျဆေး၊ ဘာမီတွန် စသည်)၊ ဓာတ်ကင်ခြင်း (ဦးခေါင်း၊ လည်ပင်း) တို့ကြောင့် သွားဆွေးခြင်းကို ပို၍ဖြစ်လွယ်ပါသည်။

သွားဆွေးခြင်းဖြစ်ပေါ်သည့် အတိုင်းအတာပေါ်မူတည်၍ သွားများကို ကုသပေးနိုင်ပါသည်။ သွားဆွေးခြင်းသည် အသားနုလွှာအထိ မပါဝင်ဘဲ ကြွေသွားလွှာ၊ ဆင်စွယ်နှစ်လွှာတွင်းဖြစ်ပါက သွားဖာခြင်းသည် သွားပိုးစားခြင်းကို ကာကွယ်ခြင်းဖြစ်ပါသည်။ သွား၏ ဆွေးမြည့်သောပမာဏများလျှင် သွားကို ပြန်လည်အသုံးဝင်စေရန် သွားအရောင်၊ သတ္တုရောင်နှင့် ပြန်လည်ဖုံးအုပ်အသုံးပြုရနိုင်ပါသေးသည်။ သွားဆွေးခြင်း ဖြစ်စဉ်သည် အသားနုလွှာတွင်းရောက်ရှိပြီး ရောဂါပိုးဝင်သွားပြီဆိုလျှင် သွားမြစ်တွင်းကုသမှု (Root Canal Therapy) ပြုလုပ်၍ သွားမနုတ်ရအောင် ထိန်းထားနိုင်ပါသေးသည်။ သွားဆွေးခြင်းကို စောလျှင်စောသလို ကုသကာကွယ်နိုင်ပါသည်။

သွားဆွေးခြင်းဖြစ်စဉ်ကြောင့် သွားကိုက်၊ သွားနာခံစားရခြင်း၊ အလုပ်အကိုင်ပျက်ရခြင်း၊ အိပ်မရခြင်း၊ စားမရခြင်း၊ ပါးစပ်ဟ၍ မရခြင်း၊ သွားဖုံးရောင်ခြင်း၊ မျက်နှာရောင်ခြင်း၊ သွားလှုပ်လာခြင်း၊ အဖျားဝင်လာခြင်း စသည့်ဝေဒနာများ ခံစားရပါသည်။ ခံစားဖူးသူမှ သိမည်ဖြစ်၍ ရေးပြရန်ပင် ခက်ခဲပါသည်။ ထိုင်၍မရ၊ ထ၍မရနှင့် ခံစားရသောဝေဒနာထဲတွင် အပြင်းဆုံးသော နာကျင်ကိုက်ခဲခြင်းဖြစ်ပါသည်။ အယ်လီဇဘတ်(၁)ဘုရင်မကြီးသည် သွားဝေဒနာကြောင့် အသက်ဆုံးရှုံးရသည်ဟုပင် ဖတ်ရဖူးပါသည်။

သွားဆွေးမြည့်ခြင်းဝေဒနာကို မခံစားရအောင် ကြိုတင်ကာကွယ်၍ ရပါသည်။ ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းသည် သွားမတိုက်၍ စားကြွင်းစားကျန်များ သွားမျက်နှာပြင်များတွင် တွယ်ကပ်နေ၍ဖြစ်သည်။ စနစ်မှန်၊ အချိန်မှန် သွားတိုက်ခြင်းဖြင့် ကျော်လွှားနိုင်ပါသည်။ မလုပ်ဖြစ်တာ ခက်ခဲနေပါသည်။ အချိန်မှန်ဆိုသည်မှာ နံနက်အိပ်ရာထ အစာစားပြီး တစ်ကြိမ်နှင့် ညအိပ်ရာမဝင်မီ တစ်ကြိမ် သွားတိုက်ပေးခြင်းကို ဆိုလိုပါသည်။ စနစ်မှန်ဆိုသည်မှာ သွားမျက်နှာပြင်ကို သွားတိုက်တံ ၄၅ ဒီဂရီစောင်းပြီး ပါးစပ်ကိုဟ၍ ဒေါင်လိုက် သွားတိုက်ခြင်းဖြစ်သည်။ သွားမျက်နှာပြင်ကို ကန့်လန့်ဖြတ် သွားမတိုက်ရပါ။ သွားတိုက်ရမည့်အချိန် အနည်းဆုံး သုံးမိနစ်ကြာရပါမည်။ သွားတိုက်တံတစ်ချောင်းကိုလည်း ကြာရှည်စွာ မသုံးရပါ။ သုံးလတစ်ကြိမ် အသစ်လဲလှယ်၍ အသုံးပြုပေးရပါမည်။ အသုံးပြုသော သွားတိုက်ဆေးတွင် ဖလူအိုရိုက်ဒ် ပါဝင်ရပါမည်။

အစာစားပြီးတိုင်း ပလုတ်ကျင်းခြင်း၊ ဖြစ်နိုင်လျှင် အရည်ရွှမ်းသော အသီးစားပေးခြင်းလုပ်နိုင်ပါသည်။ သွား၏ ဖွဲ့စည်းမှုမာကြောသန်စွမ်းစေရန် ကယ်လ်ဆီယမ်ပါသော အစားအစာများ (ဥပမာ-နွားနို့၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ ကြက်ဥ)တို့ကို ကလေးဘဝကတည်းက စားပေးရပါမည်။ သွားဆွေးခြင်းကို အားပေးသည့် ချို၍စေးကပ်သော အစားအစာများ (ဥပမာ-ဘီစကစ်၊ ချိုချဉ်)တို့ကို ပါးစပ်ထဲတွင်ထည့်ပြီး အချိန်ကြာကြာဖန်များစွာ မစားရပါ။ သွားနှင့်ခံတွင်း အခြေအနေကိုသိရှိရန် ခြောက်လတစ်ကြိမ် စစ်ဆေးပြသမှု ခံယူခြင်း၊ သွားဆွေးခြင်း ရှိနေလျှင်လည်း ကြိုတင်ပြုပြင်ကာကွယ်ခြင်း ပြုလုပ်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အမြန်လမ်းမကြီးပေါ်ရှိ ရဲစခန်းများ အဆင့်မြှင့်တင်တိုးချဲ့၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

**ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်၌ ရဲစခန်းများထားရှိ၍ အရေးပေါ်အခြေအနေများနှင့် လုံခြုံရေးကိစ္စများအား ဆောင်ရွက်လျက်ရှိရာတွင် မူလထားရှိထားသည့် (ဃ)အဆင့် စခန်းများမှ (က)အဆင့် စခန်းများအထိ မြှင့်တင်ပြီး အင်အားတိုးချဲ့၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။**

ရန်ကုန်- နေပြည်တော် လမ်းပိုင်းတွင် ထားရှိထားသည့် ရဲစခန်း ခုနစ်ခု၊ နေပြည်တော် - မန္တလေးလမ်းပိုင်းတွင် ထားရှိထားသည့် ရဲစခန်း ငါးခုတို့အား ယာဉ်စည်းကမ်း လမ်းစည်းကမ်း အပြည့်အဝ ဆောင်ရွက်နိုင်ရန်အတွက် (ဃ) အဆင့် ရဲစခန်းများမှ (က)အဆင့် ရဲစခန်းများအထိ အဆင့်မြှင့်တင် အင်အားတိုးချဲ့ ဆောင်ရွက်ရန်နှင့် ရဲစခန်းများနှင့် အလှမ်းဝေးသော တံတားကြီးများတွင်လည်း တံတားကင်းရဲစခန်းများ ထားရှိ၍ လုံခြုံရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ရေး စီမံထားရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့တွင် ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားသွားခဲ့သည်။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာမှုများပြားလာသည်နှင့်အမျှ ယာဉ်အန္တရာယ်များလည်း ဖြစ်ပေါ်လျက်ရှိရာတွင် ယာဉ်မောင်းများ၏ လမ်းမကျွမ်းကျင်မှု၊ အရှိန်လွန်မောင်းနှင်မှု၊ လမ်းမကြီးများ အချက်ပြစနစ်နှင့် လမ်းအမှတ်အသားများကို သိရှိနားမလည်မှုတို့ကြောင့် ဖြစ်ပွားမှု များပြားခဲ့သည်။ သို့သော် ယာဉ်မတော်တဆမှုများကို လေ့လာရာတွင် အဆိုပါအချက်များအပြင် တိရစ္ဆာန်များနှင့် မော်တော်ဆိုင်ကယ်များ ဖြတ်သန်းခြင်း၊ လမ်းမကြီးနှင့် ထိတွေ့မှု မရှိဖူးဘဲ လမ်းအသုံးပြုသူအသစ်များ၏ အချက်ပြစနစ်များအပေါ် နားလည်မှုမရှိခြင်းတို့ကြောင့်လည်း ယာဉ်မတော်တဆဖြစ်ပွားနေမှုများ ရှိခဲ့သည်ဟု သိရသည်။ လမ်းမကြီးများ ဥပဒေပုဒ်မ ၂၉(က)၌ လမ်းမကြီးများ၏ လမ်းမျက်နှာပြင်ပေါ်တွင် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်း မပြုရဟု ပြဋ္ဌာန်းထားပြီး အဆိုပါ ဥပဒေကို ဖောက်ဖျက်ပါက ထောင်ဒဏ် သုံးလဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဟု ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော်လည်း အမြန်လမ်းမကြီးဘေးတစ်လျှောက်ရှိ ကျေးရွာများမှ သတ်မှတ်ထားသော ဖြတ်သန်းသွားလာရမည့် နေရာများမှ သွားလာခြင်း မပြုဘဲ အရေးပေါ်ဖြတ်သန်းနေမှုများကြောင့်လည်း ယာဉ်အန္တရာယ်များ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ယင်းကြောင့် အမြန်လမ်းမကြီးအပေါ် အချိန်မတော် ဖြတ်သန်းသွားလာနေမှုများကို ပြည်သူ့ဆောက်လုပ်ရေးနှင့် ရဲစခန်းများက အရေးယူဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

## ဂျီအက်စ်အမ်ဖုန်းပြောနိုင်

"အရင်က အရှိန်ပြင်းမောင်းတာ၊ ကားတာယာလေပေါင်မချိန်တာ၊ လမ်းမကျွမ်းကျင်တာကြောင့် ဖြစ်တာကို တွေ့ရပေမယ့် ကျွဲ၊ နွားတိရစ္ဆာန်တွေနဲ့ ဆိုင်ကယ်တွေက လမ်းမကြီးကို အလျင်စလို ဖြတ်သန်းသွားလာနေတာတွေကြောင့်လည်း ဖြစ်လာတာကို တွေ့ရတယ်။ ဒီအတွက် အရေးပေါ် အခြေအနေတွေမှာ ကူညီဆောင်ရွက်ပေးမယ့် ရဲစခန်းတွေကို အင်အားတိုး အဆင့်မြှင့်ခဲ့ပြီး အဖြစ်များတဲ့ နေရာတွေမှာလည်း ရဲကင်းတွေ ချထားပါတယ်။ နောက်ပြီး အခုဆိုရင် လမ်းမကြီးတစ်လျှောက် ဂျီအက်စ်အမ်ဖုန်း ပြောနိုင်ပါပြီ" ဟု နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ၂၀၀၅ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်နေ့တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့သည်။ ယင်းနောက် နေပြည်တော်-မန္တလေး လမ်းပိုင်းကိုလည်း ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက်နေ့တွင် စတင်အသုံးပြုခဲ့သည်။ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးသည် ၃၅၂ မိုင်ကွာဝေးပြီး လမ်းမကြီးတစ်လျှောက် ယာဉ်ရပ်နားစခန်း လေးခုနှင့် ရန်ကုန် အမှတ် ၃ လမ်းမကြီးရှိ တိုးဂိတ်အပါအဝင် တိုးဂိတ် ၅ ခုထိ ရှိလာမည်ဖြစ်သည်။ အမြန်လမ်းမကြီး စီမံကိန်းဆိုသည့်အတိုင်း လမ်းမကြီး၏ အင်္ဂါရပ်နှင့်အညီ လမ်းအမှတ်အသား၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ ရဲစခန်းများ၊ ယာဉ်ရပ်နားစခန်းများ၊ ဓာတ်ဆီဆိုင်များ ပြည့်စုံပါရှိရန် ဆောင်ရွက်ခဲ့ခြင်းအပြင် အမြန်လမ်းမကြီးအား လမ်းဘေးဝဲယာမှ ဖြတ်သန်းသွားလာခြင်းမပြုရန် အကာအရံများလည်း လိုအပ်သည်ဟု သိရှိရသည်။(ဆုနှင်းလဲ့-ကြေးမုံ)

# ဒဂုံတက္ကသိုလ်မှ ရန်ကုန်မြို့တွင်းသို့ တိုက်ရိုက်ယာဉ်လိုင်း ပြန်လည်ပြေးဆွဲစေလို

**ရန်ကုန် စက်တင်ဘာ ၂၄**

ဒဂုံတက္ကသိုလ်မှ ရန်ကုန်မြို့တွင်း ကျုံးကြီးလမ်းသို့ ယခင်က အမှတ်(၇၄)ဟီးနိုးဘတ်စ်ကားများ တိုက်ရိုက်ပြေးဆွဲခဲ့ရာ ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့ခဲ့သည်။

ယခုအခါ ယင်းယာဉ်လိုင်းအစား အမှတ်(၂၀၂)ယာဉ်လိုင်းကို အစားထိုးပြေးဆွဲခဲ့ပြီး အင်းစိန်၊ တညင်းကုန်းနှင့် လှိုင်သာယာမြို့နယ်များသို့သာ ရောက်သည့် ယာဉ်လိုင်းဖြစ်သဖြင့် ရန်ကုန်မြို့တွင်းသို့ သွားလိုသူများ မြောက်ဥက္ကလာပအဝိုင်းမှ တစ်ဆင့် နောက်ထပ်တစ်ဆင့် စီးနေရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ စက်ရုံဝန်ထမ်းများ အများစုနေထိုင်ကြရာ နေ့စဉ်လုပ်ငန်းခွင်များသို့ အချိန်မီ သွားလာကြရသဖြင့် ယခင်ကကဲ့သို့ ရန်ကုန်မြို့တွင်းသို့ တိုက်ရိုက်ရောက်သည့်ကားလိုင်း ပြန်လည်ပြေးဆွဲပေးမည့်အချိန်ကို ပြည်သူများ စောင့်မျှော်လျက်ရှိကြသည်။ တိုက်ရိုက်ယာဉ်လိုင်း ရရှိလာပါက မြောက်ဥက္ကလာပအဝိုင်းတွင် ကားစောင့်ရသည့် ဒုက္ခလည်း ကင်းဝေးသွားမည် ဖြစ်ပါသည်။ (နွဲ့နွဲ့ကြည်-သတင်းစဉ်)

**ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဇော်၏ ကြီးကြပ်မှုဖြင့် ဘားအံမြို့ ကော့စိန်ဘန်အောက်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးကျော်စိန်ထွန်း နိုင်ငံသား အရည်အချင်းပြည့်မီသူ ၂၁၄ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအေးမြင့်ထံ ပေးအပ်စဉ်။**

(ပြည်နယ်လဝက)

# ခရီးသည်တင်ယာဉ်များတွင် အရက်ကြော်ငြာများကပ်ထားခြင်းကို စတင်စစ်ဆေးအရေးယူမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်များတွင် အရက်ကြော်ငြာများ ဆက်လက်ကြော်ငြာထားခြင်းကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသည်တင်ယာဉ်များတွင် အရက်ကြော်ငြာများ ကပ်ခွင့်မပြုတော့ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အတူ ဩဂုတ် ၅ ရက်မှစတင်၍ ဗဟိုမထသမှ သက်ဆိုင်ရာယာဉ်လိုင်းများသို့ ကြေညာချက်ထုတ်ပြန်ခဲ့ပြီး အရက်ကြော်ငြာများ ဖြုတ်ခြင်း၊ လဲခြင်းတို့ကိုဆောင်ရွက်ရန် အသိပေးကာလအဖြစ် တစ်လ သတ်မှတ်ဆောင်ရွက်ခဲ့သည်။ အသိပေးကာလ တစ်လအဖြစ် စက်တင်ဘာ ၄ ရက် မတိုင်မီ အပြီးဆောင်ရွက်ရမည်ဖြစ်သော်လည်း အရက်ကြော်ငြာများ ဆက်လက်တွေ့ရှိနေသောကြောင့် စစ်ဆေးမှုများ ဆောင်ရွက်ကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်သည်။

"အပတ်စဉ် အထူးအဖွဲ့တွေနဲ့ ခရီးသည်တင်ယာဉ်လိုင်းတွေကို လိုက်လံစစ်ဆေးလျက်ရှိပါတယ်။ အဲဒီမှာ အရက်ကြော်ငြာတွေကိုလည်း စစ်ဆေးသွားမှာပါ။ အရက်ကြော်ငြာနေရာမှာ ရေသန့်ကြော်ငြာနဲ့ အစားထိုးနိုင်ပါတယ်။ ဒါပေမယ့် ရေသန့်ကုမ္ပဏီ တကယ်ရှိ၊ မရှိကိုလည်း စစ်မှာပါ။ နောက်ပြီး အစားထိုးကြော်ငြာတွေဟာ ရဲထောက်ခံချက် ရှိ၊ မရှိကိုလည်း စစ်မှာပါ။ အထူးအဖွဲ့တွေရဲ့ စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးရုံးကို တင်ပြပြီး သက်ဆိုင်ရာက အရေးယူမှာပါ" ဟု မီဒီယာတွေ့ဆုံပွဲတွင် ဗဟိုမထသ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အရက်ကြော်ငြာများကြော်ငြာခြင်းကို ကန့်သတ်မှုများ ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း အရက်နှင့်ပတ်သက်သည့် ကြော်ငြာဆိုင်းဘုတ်များကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ကန့်သတ်ခဲ့သည်။ ရုပ်မြင်သံကြားအစီအစဉ်များတွင် အရက်ကြော်ငြာများကို တားမြစ်ပိတ်ပင်မှုများလည်း ပြုလုပ်ခဲ့သည်။ ထို့အတူ ၂၀၁၁ ခုနှစ် ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည့် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ရေးဌာန၊ စိစစ်သုံးသပ်တင်ပြရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့ယဉ်ကျေးမှုရှုထောင့်အရလည်းကောင်း၊ တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးအတွက်လည်းကောင်း၊ ကျန်းမာကြံ့ခိုင်ရေးအတွက် လည်းကောင်းသင့်လျော်မှုမရှိသော ကြော်ငြာများကို စာအုပ်စာစောင်များတွင် ပုံနှိပ်ဖော်ပြခြင်း မပြုရန် တားမြစ်မှုများပြုလုပ်ခဲ့သည်ဟု သိရသည်။ ယခုနောက်ဆုံးတွင် ရွေ့လျားကြော်ငြာများဟု ခေါ်ဆိုကြသော ခရီးသည်တင်ယာဉ်များတွင် အရက်ကြော်ငြာများ ကြော်ငြာခြင်းကို စတင်ပိတ်ပင်လိုက်ခြင်းဖြစ်ပြီး အရေးယူမှုများ စတင်တော့မည်ဖြစ်ကြောင်း သိရသည်။ (ဝဝ၁)

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ပြည် စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့တွင် စက်တင်ဘာ ၁၆ ရက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ပြည်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ခရိုင်အင်ဂျင်နီယာ၊ မြို့နယ်အင်ဂျင်နီယာတို့က ကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အားဗို့အားပြည့်မီရေး၊ Unit Loss ကျဆင်းရေး၊ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဟောင်းနွမ်းပေါက်ပြဲဆွေးမြည့်ဝါယာကြိုးများအား ဂိတ်ပြည့်ဝါယာကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်းတို့ကို လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက်

လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)** (၄၉၇)

# နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# ရန်ကုန်အဲဝေးစ် အောက်တိုဘာ ၁၆ ရက်တွင် ပြန်လည်ပြေးဆွဲမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ATR လေယာဉ်သစ်များဖြင့် ပြေးဆွဲသည့် လေကြောင်းလိုင်းများတွင် ရန်ကုန်အဲဝေးစ်လေကြောင်းလိုင်းလည်း ပါဝင်သည်။ လေယာဉ်စီး ခရီးသည်များအား ပြင်သစ်နိုင်ငံလုပ် ATR လေယာဉ်များက ဆွဲဆောင်သကဲ့သို့ ရန်ကုန်အဲဝေးစ်လေကြောင်းလိုင်းမှ ဝန်ထမ်းများ၏ ဝန်ဆောင်မှုများကလည်း ခရီးသည်များအား စိတ်ချမ်းမြေ့မှုများပေးခဲ့သည်။

ရန်ကုန်အဲဝေးစ် လေကြောင်းလိုင်းကို ၁၉၉၆ ခုနှစ်တွင် မြန်မာ့လေကြောင်းနှင့် ထိုင်းနိုင်ငံမှ Krong-Sombat Company တို့ ဖက်စပ်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ခရီးသည် ၇၀ ဆံ့ ATR-72 လေယာဉ်နှစ်စင်းဖြင့် မြို့ပေါင်း ၁၈ မြို့သို့ ပျံသန်းပို့ဆောင်ပေးခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် လေယာဉ်ခရီးစဉ်များ ပြေးဆွဲမှုကို ခေတ္တရပ်နားခဲ့သည်။

ယခုအခါ ရန်ကုန်အဲဝေးစ်ကို အတွေ့အကြုံရင့်ကျက်သော လေယာဉ်မှူးများ၊ အင်ဂျင်နီယာများ၊ ဝေဟင်မြေပြင်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ဖွဲ့စည်းထားပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စ၍ လုံခြုံစိတ်ချဘေးကင်းစွာဖြင့် အကောင်းဆုံးဝန်ဆောင်မှုများပေးကာ လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် ပြင်ဆင်ပြီးဖြစ်ကြောင်းနှင့် ရန်ကုန်အဲဝေးစ်၏ (၁၅)နှစ်ပြည့် အခမ်းအနားကိုလည်း စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ (ဝင်းဝင်းသန့်)

# တိုက်ကြီးတွင် တစ်ရွာတစ်ဧက ယူကလစ် စိုက်ပျိုး

**တိုက်ကြီး စက်တင်ဘာ ၂၄**

တိုက်ကြီးမြို့နယ်၌ ၂၀၁၀ ခုနှစ် မိုးရာသီတွင် တစ်ရွာတစ်ဧက စုစုပေါင်း ၁၁ ဧကနှင့် ၂၀၁၁ ခုနှစ် မိုးရာသီတွင် တစ်ရွာတစ်ဧက စုစုပေါင်း ၁၀ ဧက စိုက်ပျိုးတည်ထောင်ပြီးဖြစ်ရာ တိုက်ကြီးမြို့နယ် တိုက်ကြီးကုန်းကျေးရွာ တစ်ရွာတစ်ဧက စိုက်ခင်းအား ပေါင်းရှင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းတို့က စက်တင်ဘာ ၂၀ ရက်တွင် ကြည့်ရှုအားပေးခဲ့ကြသည်။**(အပေါ်ပုံ)** (ကြေးမုံ)

# ဘယ်အချိန်ထူးမလဲလို့ စောင့်မျှော်နေရသည့် အထူးကားများ

ရန်ကုန်မြို့တွင် ရိုးရိုးလိုင်းကားများ ပြေးဆွဲနေချိန်၌ မကြာသောကာလများက ယာဉ်စီးခပုံသေ အထူးကားများပေါ်လာခဲ့၍ ပြည်သူများဝမ်းသာကြသည်။ ကြိုဆိုကြသည်။ အားပေးကြသည်။ ရုံးသူ၊ ရုံးသား၊ အလုပ်သမားများက ရုံးဆင်းရုံးပြန်၌ အချိန်ကုန်သက်သာ၊ သက်သောင့်သက်သာနှင့် လေကောင်းလေသန့်များကို ရှူရှိုက်ရင်း အထူးကားများကို စီးနင်းအားပေးခဲ့ကြသည်။

အထူးကားသည် မတ်တပ်ရပ်မတင်၊ ခုံပြည့်သာတင်သည်၊ မှတ်တိုင်တိုင်းမရပ်၊ အတက်အဆင်းရှိမှ ရပ်သည်။ ဒါကြောင့် အထူးကားသည် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်ခဲ့သည်။

မကြာပါ---အထူးကားများသည်လည်း မထူးတော့လေပြီ--

အထူးကားများ (လိုင်းအလိုက်)သည် သွေးတိုးစမ်းသည့်အနေဖြင့် ရုံးတက်နှင့် ရုံးဆင်းချိန်များတွင် ခရီးသည် တစ်ယောက်စ နှစ်ယောက်စတင်လာခဲ့ကြသည်။ နောက်ပိုင်း တစ်ယောက်စ၊ နှစ်ယောက်စမှ ၁၀ ယောက်၊ အယောက် ၂၀၊ ထိုမှတစ်ဆင့် အတိုင်းအဆမရှိ တင်ကြလေသည်။ စပါယ်ယာများက အလယ်ရှောက်လမ်း ကျဉ်းကျဉ်းလေးထဲသို့ ခရီးသည်တွေကို အုတ်စီသလို စီခိုင်းသည်။ တိုးခိုင်းသည်။ စပါယ်ယာနှင့် ခရီးသည်များ ကားပေါ်တွင်ပြဿနာများ တက်ကြသည်မှာ နေ့စဉ်နှင့်အမျှဖြစ်နေသည်။

အထူးကားစီးတတ်သည့် ဝန်ထမ်းတစ်ဦးက"ကျွန်တော်ကတော့ အထူးကားကို ထိုင်စရာနေရာရမှ စီးတဲ့လူပါ။ နေရာမရရင် အလယ်မှ လူအရမ်းများလာရင် ရပ်လို့ကို မလွယ်ဘူး။ အရင်တုန်းကဆို လမ်းကြောင်းမှာ စစ်ဆေးရေးရှိ၍ စပါယ်ယာတွေက သူများထိုင်နေတဲ့ နေရာအောက်မှာ ပုန်းဝပ်ခိုင်းတယ်၊ အခုတော့မပုန်းခိုင်းတော့ပါဘူး။ ပြောင်ပဲတင်တော့တာပဲ၊ အထူးယာဉ်တွေကို အထူးစစ်ဆေးရေးအဖွဲ့ ခြောက်ဖွဲ့နဲ့ တစ်နေကုန်စစ်ဆေးပြီး ထိရောက်စွာ အရေးယူမယ်၊ ချလန်ဖြတ်မယ်၊ ကားတွေနဲ့ အဖွဲ့ခွဲပြီး လိုက်စစ်ဆေးမယ်ဆိုတာ ဂျာနယ်တွေမှာ ဖတ်လိုက်ရတယ်။ ဖမ်းတဲ့အဖွဲ့မှာ လိုင်းပေါင်းစုံက အရာရှိတွေပါမယ်၊ ယာဉ်ထိန်းရဲပါမယ်လို့ ရေးကြတယ်၊ နောက်ပြီးတော့ ပြောသေးတယ် အရင်စစ်တာ အပြင်ပန်းကပဲ စစ်တာတဲ့ အခုမရတော့ဘူး ကားပေါ်တက်စစ်မယ်၊ စစ်မယ့်သူတွေက "တာဝန်"ဆိုတဲ့ လက်ပတ်ကို ပတ်မယ်၊ ကားမှာလည်း "အထူးစစ်ဆေးရေးအဖွဲ့"ဆိုပြီး စာတန်းချိတ်ပြီး လှည့်လည်စစ်ဆေးမယ်လို့ တာဝန်ရှိသူတွေက ဖြေထားတာတွေကို ဖတ်ရတယ်။ ဒါပေမယ့် အခုတော့ အဲဒီအဖွဲ့တွေ ဘယ်ရောက်နေလဲမသိဘူး၊ လမ်းမှာတော့ အထူးကားတွေက ရပ်စီးလူအပြည့်တင်ပြီး စစ်ဆေးရေးနဲ့တွေ့ရင် ကားဒရိုင်ဘာက ကားကိုစစ်ဆေးရေးအဖွဲ့ကို ကျော်ပြီး ရပ်တယ်။ ပြီးတော့ စပါယ်ယာက ဆင်းပြီး စစ်ဆေးရေးအဖွဲ့ဆီကို သွားတယ်။ ပြီးတော့ စပါယ်ယာက အောင်ပွဲကပြန်လာတဲ့သူပမာ တက်တက်ကြွကြွနဲ့ လူထပ်တင်တော့တာပဲ"ဟု ပြောပြသည်။

ခရီးသွားပြည်သူများသည် အိမ်ပြန်ချင်စိတ်၊ အလုပ်ရောက်ချင်စိတ်များလွန်း၍ အထူးကားကို အားပေးစီးနင်းနေခြင်းကြောင့် အထူးကားများကျပ်နေရခြင်းလား (သို့တည်းမဟုတ်)လိုင်းကားအရေအတွက်နှင့် ရန်ကုန်မြို့ခရီးသွားလူဦးရေ မမျှမတဖြစ်နေရခြင်းကြောင့် အထူးကားများ ကျပ်နေရခြင်းလား ကျွန်တော်မစဉ်းစားတတ်. . . . .။ (ကိုထူး)

# ဈေးများ၌ တားမြစ်ကုန်ပစ္စည်းများ ရောင်းချခွင့်မပြု

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန အုပ်ချုပ်မှုအောက်ရှိ ဈေးများ၌ အမျိုးသားကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ သက်တမ်းလွန် အစားအသောက်များ၊ ဆေးဝါးများနှင့် တားမြစ်ထားသော ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုးကဲ့သို့သော ပစ္စည်းများ ရောင်းချသည်ကို စစ်ဆေးတွေ့ရှိပါက ဈေးများဌာနက လိုအပ်သလို စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ရှိ ၃၃ မြို့နယ်တွင် ဈေးများဌာန၏ အုပ်ချုပ်မှုအောက်၌ ဈေးရုံနှင့်ဈေးများ ၁၆၉ ဈေးရှိကြောင်း သိရှိရသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

# နိုင်ငံတကာ အနုပညာရပ်ဝန်း

## ဟယ်ရီပေါ်တာမင်းသမီး၏ ရှိတ်စပီးယားအိပ်မက်

ဟယ်ရီပေါ်တာ ဇာတ်ကားများနှင့်အတူ ကမ္ဘာကျော်ငွေကြယ်ပွင့်ဖြစ်လာသူ ဟယ်ရီပေါ်တာမင်းသမီး အမ်မာဝပ်ဆန်းက နာမည်ကျော်ဒါရိုက်တာများ၊ သရုပ်ဆောင်များနှင့် အတူ လက်တွဲသရုပ်ဆောင်လိုကြောင်းနှင့် ဂန္ထဝင်စာဆိုတော် ရှိတ်စပီးယား၏ ပြဇာတ်များတွင်လည်း ပါဝင်အသုံးတော်ခံလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

မင်းသမီးအမ်မာဝပ်ဆန်း**(ယာပုံ)**က နာမည်ကျော် ဒါရိုက်တာများဖြစ်သည့် ဘာ့ဇ်လူဟာမန်၊ ဂူလီယာမိုဒယ်လ်တိုရို၊ ရစ်ချက်ကာတီစ်နှင့် ဒါယန်အာရိုနို့ဖ်စကိုင်းတို့နှင့်အတူ ဇာတ်ကားများ ရိုက်ကူးသွားရန် ဆန္ဒရှိကြောင်း၊ သရုပ်ဆောင်နယ်ပယ်တွင် မင်းသားဖီးလစ်ဆီးမောဟော့ဖ်မန်း၊ ဂျိန်းစ်မက်အဘွိုင်း၊ မင်းသမီး ကိတ်ဘလန့်ချက်၊ ဒေမီ ဟယ်လင်မိုင်ယန်တို့ကို နှစ်သက်သဘောကျကြောင်းနှင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရှိတ်စပီးယား၏ ပြဇာတ်တစ်ပုဒ်တွင်လည်း ပါဝင်ကပြသွားလိုကြောင်း ဖွင့်ဟပြောကြားသည်။

ဟယ်ရီပေါ်တာမင်းသမီးသည် ယခုလောလောဆယ် My Week With Marilyn ဇာတ်ကားနှင့်အတူ Perks of Being as Wallflower ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည်။

အမ်မာဝပ်ဆန်းက ဗြိတိန် Hello! မဂ္ဂဇင်းတို့ ပြောကြားရာတွင် My Week With Marilyn ဇာတ်ကားတွင် သူမက မင်းသမီး မာရီလင်းမွန်ရိုး၏ နောက်ဆုံးရုပ်ရှင်ကားကြီးတွင် အကူအဝတ်အစားထိန်းသိမ်းရေးကောင်မလေးတစ်ဦးအဖြစ် သရုပ်ဆောင်ထားကြောင်းနှင့် Perks of Being a Wallflower ဇာတ်ကားတွင် ငယ်စဉ်ကလေးဘဝ၌ ဒုက္ခသုက္ခ အခက်အခဲ အမျိုးမျိုးကြားမှ ကြီးပြင်းလာသော အခါ ငယ်စဉ်ဘဝနှင့် ပြောင်းပြန်အနေအထားဘဝသို့ ရောက်ရှိလာအောင် ကြိုးစားနေသည့် မိန်းကလေးတစ်ဦးအဖြစ် သရုပ်ဆောင်ထားကြောင်း ပြောကြားသွားသည်။

***အင်တာနက်။***

**အောဝမ်းစိုး**

## အက်ရှင်ဇာတ်ကားများကို ငြီးငွေ့လာသည့် ရှာရွတ်ခန်

ဘောလိဝုဒ်စူပါစတား ရှာရွတ်ခန်က အက်ရှင်ဇာတ်ကားများ ရိုက်ကူးရန် လေ့ကျင့်ပြင်ဆင်ရသည်ကို ငြီးငွေ့လာသောကြောင့် အချစ်ဇာတ်ကားတစ်ကားတွင် ပါဝင်သရုပ်ဆောင်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ရှာရွတ်ခန်ကို မကြာမီ အိန္ဒိယမင်းသမီးချော ကရီနာကပူးနှင့် တွဲဖက်သရုပ်ဆောင်ထားသည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကား Ra.One တွင် ရှုစားကြရဦးမည် ဖြစ်သည်။

ရှာရွတ်ခန်က အိန္ဒိယသတင်းစာတစ်စောင်သို့ ပြောကြားရာတွင် ၎င်းအနေဖြင့် အက်ရှင်ဇာတ်ကားများတွင် စတန့်ပြကွက်များကို ပီပြင်စွာ သရုပ်ဆောင်နိုင်ရန် ကိုယ်ကာယလေ့ကျင့်ခန်းများကို ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရကြောင်း၊ ယခုလည်း Ra.One ဇာတ်ကားအတွက် အရောင်းမြှင့်တင်ရေးများ ပြုလုပ်နေရကြောင်း၊ အက်ရှင်ဇာတ်ကားများ ရိုက်ကူးရန် စိတ်ကုန်ငြီးငွေ့လာသောကြောင့် မည်သည့်မင်းသမီးနှင့်ဖြစ်စေ အချစ်ဦးစားပေးဇာတ်ကားတစ်ကား ရိုက်ကူးသွားလိုကြောင်း ဖွင့်ဟပြောကြားလိုက်သည်။

***အင်တာနက်။***

*ဘောလိဝုဒ်စူပါစတား ရှာရွတ်ခန်။*

# အမည်ပေါက်ပြောင်းလဲခနှုန်း မန္တလေးမြို့တော်စည်ပင် ပြင်ဆင်ဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေး ခြောက်မြို့နယ်အတွင်းရှိ ပုဂ္ဂလိကပိုင် အဆောက်အအုံများ အမည်ပေါက်ပြောင်းလဲခြင်းများကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ ထရံကာ၊ ပျဉ်ကာ အဆောက်အအုံ ငွေကျပ် ၂၀၀၀၀၊ နံကပ်တစ်ထပ်မှ RC တိုက်သုံးထပ်အထိ အဆောက်အအုံ ငွေကျပ် ၅၀၀၀၀၊ RC တိုက်လေးထပ်နှင့် အထက်အဆောက်အအုံငွေ ကျပ် ၇၀၀၀၀ နှုန်းထားသို့ ပြင်ဆင်သတ်မှတ် ဆောင်ရွက်ပေးကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ကြေညာထားကြောင်းသိရသည်။ (၆၅၃)

☆ **ရွှေဖုံးမှ**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ညဏ်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ချင်းပြည်နယ် ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကယားပြည်နယ် ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင်၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဝဏ္ဏကျော်ထင်ဦးဌေးမြင့်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ညဏစိုး၊ ရှမ်းပြည်နယ် ဟိုပုံးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၉-၂၀၁၁ (တနင်္ဂနွေနေ့)**

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "သက္ကာယဒိဋ္ဌိဖြုတ်ပုံ" ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ် တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆:၄၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၇)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၇၉)**
- ၈:၅၀ မိုးညှင်းတောရမှ နှစ်တစ်ရာပြည့်အခမ်းအနား
- ၉:၁၀ တောင်သူများအတွက်. . . အားထားဖို့ရာ ကီမီရာ(ဒိုလူး) ဓာတ်မြေသြဇာပါ
- ၉:၃၀ Sunday Talk (ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ)
- ၁၀:၁၀ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်ရေးနေ့အကြောင်းတွေ့ဆုံ မေးမြန်းခြင်း
- ၁၀:၂၅ ဗီဒီယိုပြခန်း
- ၁၀:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အမုန်း၌စတင်ခဲ့သောအချစ်"
- ၁၁:၂၀ ဈေးဝယ်လမ်းညွှန်
- ၁၁:၃၅ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ကြိုးပမ်းလှုပ်ရှားမှုများ (အပိုင်း-၂)
- ၁၂:၀၅ နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
- ၁၂:၃၅ လွယ်ကူသက်သာစားစရာ "သရက်သီးစိမ်းသနပ်နှင့် ဇီးတော်ဖီ"
- ၁၂:၅၀ အနာဂတ်ပန်းများပွင့်လန်းစေမည် ပြပွဲစာရီ
- ၁:၀၀ "သက္ကာယဒိဋ္ဌိဖြုတ်ပုံ" ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ် တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း
- ၃:၃၀ ပြောင်းလဲလာသော Food Culture နှင့် C.P. Product များ
- ၃:၄၅ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကိုသွားကြစို့
- ၄:၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၇၉)**
- ၅:၀၅ FMF Selection
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၃၈)**
- ၇:၂၅ သွားမယ်စားမယ်
- ၇:၅၀ ပရိမီယာလိဂ်ရင်ခုန်သံ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ A Journey to the Korea (Part-7)
- ၈:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၁)
- ၉:၀၀ Kid's Show
- ၉:၂၅ Barclays Premier League (QPR Vs Aston Villa)
- ၁၁:၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၈၀)**
- ၁၂:၃၀ ကမ္ဘာ့နှလုံးများနေ့ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာတင်လတ်)
- ၁၂:၅၅ အထောက်အကူပြုစရာ ကလေးတို့အတွက်အင်္ဂလိပ်စာ
- ၁:၀၅ အယသမင်္ဂီတို့ဖြစ်တည်ရာ. . .
- ၁:၁၅ ဘဝများ
- ၁:၄၀ သဘာဝအလှရတနာသစ်ခွကမ္ဘာ
- ၁:၅၀ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ
- ၂:၁၀ လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်
- ၂:၂၀ Shooting Location
- ၂:၄၅ "တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
- ၃:၀၀ ဖန်ဆင်းရေးခြယ်လက်ရာ အသွယ်သွယ်
- ၃:၃၀ အံ့ဖွယ်လေ့လာအသံတုပညာ
- ၃:၅၀ မောတို့ဌာနေ ရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
- ၄:၁၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၄:၃၀ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
- ၅:၀၀ အစီအစဉ်ပြီး။

### Barclays Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉:၂၅ | QPR- Aston Villa | ESPN(Live) |

* **ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# ပညာရေးဝန်ထမ်းများ ခေတ်စနစ်နှင့်အညီ ပြောင်းလဲဆောင်ရွက် ဌာနအတွင်းညီညွတ်စွာဖြင့် ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ/ ဌာနမှူးများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခေတ်စနစ်ပြောင်းလဲဆောင်ရွက်နေချိန်တွင် ပညာရေးဝန်ထမ်းများအနေဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲဆောင်ရွက်ကြရန်၊ မိမိတို့၏လုပ်ငန်းတာဝန်များကို ထင်သာမြင်သာရှိအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လက်ရှိပညာရေးစနစ် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို ရှင်းလင်းပြောကြား၍ ဘွဲ့နှင်းသဘင်ခန်းမအဝင်၌ ခင်းကျင်းပြသထားသော ဘာသာရပ်ဌာနအသီးသီးမှ ဆောင်ရွက်ထားရှိသည့် သုတေသနစာတမ်းများနှင့် အစီရင်ခံစာများ၊ ပညာရေးအဆိုအမိန့်များ၊ ဆောင်ရွက်ချက်ပိုစတာကားချပ်များ၊ မဂ္ဂဇင်းနှင့် စီဒီမှတ်တမ်းများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နာယကဂုဏ်ခြောက်ပါးနှင့်အညီ ပြုမူဆောင်ရွက်ရန်၊ ဌာနအတွင်း စည်းလုံးညီညွတ်စွာဖြင့် ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လက်အောက်ဝန်ထမ်းများအပေါ် တရားမျှတစွာ စီမံအုပ်ချုပ်ရန်တို့ကို ဆွေးနွေးမှာကြားပြီး ခင်းကျင်းပြသထားသော နိုင်ငံအကျိုးပြုသုတေသနဆောင်ရွက်မှုလုပ်ငန်းများ ပြခန်းနှင့် အနုပညာအသင်းခန်းမအတွင်း လှည့်လည်ကြည့်ရှုသည်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မုံရွာ-အရာတော်ကားလမ်း မိုင်တိုင်အမှတ်(၁၅/၅)မှ (၁၆/၅)အထိ ကတ္တရာလမ်း ပြုပြင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ယင်းနောက် ဝက်လက်မြို့နယ် သားနားကျေးရွာ ကွင်းအမှတ်(၃၁၃၄)၌ စီးပွားဖြစ် မျိုးစေ့ထုတ်မျိုးသန့်ဇုန် စံပြကွက်၏ သိပ္ပံနည်းကျ ပေါင်းပျိုးစနစ်ဖြင့် စိုက်ပျိုးထားသော တောင်သူ ဦးဝင်းရွှေ၏ ရွှေဘိုပေါ်ဆန်း နှစ်ဧက စုပေါင်းဓာတ်မြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုပြီး ကျေးရွာမှ တောင်သူလယ်သမားများနှင့်တွေ့ဆုံသည်။

ထို့နောက် စစ်ကိုင်း-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ် (၆၃/၇) အနီး၌ ရွှေတောင်ကုမ္ပဏီက သံကူကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုနှင့် ရွှေဘိုမြို့ ဦးလှပေါ်၏ ကံသာအောင်ဆန်စက်မှ တစ်ရက် တန် ၅၀ ကျ စပါးကြိတ်ခွဲနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေဘိုမြို့နယ် တောင့်တင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၁၀၈ ပေ၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်ကျောင်းဆောင်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဇေယျာသိဒ္ဓိ ဆန်စပါးအထူးပြုကုမ္ပဏီမှ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေနှင့်သွင်းအားစု ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဇေယျာသိဒ္ဓိ ဆန်စပါးအထူးပြုကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းလွင်အောင်က မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇေယျာသိဒ္ဓိ ဆန်စပါးအထူးပြုကုမ္ပဏီဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာတို့က ကျေးရွာအုပ်စုများသို့ စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ နှစ်ရပ်ပေါင်း ငွေကျပ်သိန်း ၂၀၀၀ ကို ကျေးရွာကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကန့်ဘလူမြို့နယ် ပုပွားကျေးရွာ၌ ဒေသခံ ကြံစိုက်တောင်သူများနှင့်တွေ့ဆုံပြီး ကန့်ဘလူမြို့နယ် သိန်ရင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

# နေကြာအထူးအထွက်တိုး စံပြစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာဆွေးနွေး

**ပျဉ်းမနား စက်တင်ဘာ ၂၄**

၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီတွင် နေကြာအထူးအထွက်တိုး စံပြစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများနှင့် နည်းပညာဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၀နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံး၌ ကျင်းပရာ ခရိုင်မန်နေဂျာ ဦးစောစိန်ဝင်း၊ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်**(အပေါ်ပုံ)** တို့က နေကြာစိုက်ပျိုးမှုနည်းပညာများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူ ၄၂ ဦး၏ အထူးအထွက်တိုး စံပြဧက ၅၀ အတွက် ရေဆင်း(၁) နေကြာမျိုး တစ်အိတ်စီနှင့် ကွန်ပေါင်းမြေသြဇာတစ်အိတ်စီ တို့ကို ပေးအပ်ခဲ့သည်။ (၅၈၆)

# ကွမ်းခြံကုန်း အမျိုးသားကျောင်း အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် အထက-၂(ယခင်အမျိုးသားကျောင်း)၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၁ ရက် (စနေနေ့) ညနေပိုင်းတွင် ကွမ်းခြံကုန်းမြို့ အထက(၂) မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ရန်ကုန်မြို့တွင် ဦးကျော်ခိုင် ဖုန်း-၀၁-၂၄၆၁၄၂၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) ဖုန်း-၀၉-၈၇၆၁၄၁၁၊ ဦးစန်းအောင် ဖုန်း-၀၉-၇၃၀၃၂၆၀၈၊ ဦးလှအေး ဖုန်း-၀၉-၈၅၉၂၀၄၅၊ ကွမ်းခြံကုန်းမြို့တွင် ဦးသန်းထွန်း ဖုန်း-၀၉-၄၉၃၁၅၁၈၀ နှင့် ဦးစန်းရွှေ ဖုန်း-၀၉-၈၆၄၀၅၇၅ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

**ဩဂုတ်လ ၁၈ ရက်က ပြင်ဦးလွင်မြို့ ဝက်ဝံကျေးရွာအုပ်စုတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းရဲထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (တိုင်းဒေသကြီး လဝက)

# (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

## ကန်တော်ကြီး ရေရှည်တည်တံ့ကောင်းမွန်နေစေရန်လိုအပ်

**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့လယ်ရှိ ကန်တော်ကြီးရေကန်မှာ သဘာဝကပေးထားသည့် လက်ဆောင်ကောင်းတစ်ခုဖြစ်သည်။ ယခင်က ကန်ရှိရေကြည်လင်အေးမြသဖြင့် ကန်ပတ်ဝန်းကျင်ကို အရောင်ဟပ်ကာ သစ်ပင်ပန်းမန် သဘာဝအလှအပများကိုလည်း စိမ်းလန်းစိုပြည်ဝေဆာစေခဲ့သည်။

ယနေ့ ကန်တော်ကြီးရေပြင်မှာမူ ကြည်လင်မှုမရှိသည်ကို တွေ့နေရသည်။ ကန်တော်ကြီးတစ်ခွင် လာရောက်အပန်းဖြေသူများ၊ နံနက်ပိုင်းနှင့် ညပိုင်း ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်သူများ၊ အစုအဖွဲ့လိုက်၊ မိသားစုအလိုက် အနားယူအပန်းဖြေသူများထံမှ စည်းကမ်းမဲ့သူများ၏ အမှိုက်သရိုက်များ၊ စားကြွင်းစားကျန်များ၊ သစ်ပင်ပန်းမန် ခူးယူချိုးဖဲ့မှုများကြောင့် ကန်ရေပြင်သည် သန့်ရှင်းမှုမရှိဖြစ်နေပြီး ပတ်ဝန်းကျင်အလှအပများလည်း ပျက်ယွင်းလာနေပြီဖြစ်သည်။ နောင်တွင် သည်ထက်ပိုမိုယိုယွင်းလာမည်ဖြစ်သည်။

ကန်တော်ကြီးဟိုတယ်၊ ကရဝိက်ခန်းမ၊ ကရဝိက်ဥယျာဉ်ကမ္ဘာရှိ စားသောက်ဆိုင်ငယ်များ၊ အရောင်းဆိုင်များနှင့် မျှော်စင်ကျွန်း၊ စားသောက်ဆိုင်ကြီး ခြောက်ဆိုင်၊ စားသောက်ဆိုင်ငယ် ခြောက်ဆိုင်၊ Tower တစ်ခု၊ ဓာတ်ပုံဆိုင်၊ ရေချိုငါးဥယျာဉ်၊ ရေကူးကန်၊ အလှမွေးငါးအရောင်းဆိုင်၊ အလှမွေးငါးပြခန်း ခြောက်ခန်း၊ အလှမွေးငါး လုပ်ငန်းရှင်များအသင်း စာကြည့်တိုက်နှင့် ရန်ပုံငွေအရောင်းဆိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေးပြတိုက်၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာန(တောင်ပိုင်းခရိုင်ရုံး)၊ ကန်ပတ်လည်ရှိ ရွှေ့လျားစားသောက်ဖွယ်ရာ ရောင်းသည့်ဆိုင်ငယ်များစွာအပြင် အများပြည်သူသုံး အခပေးသန့်စင်ခန်း ငါးခန်းတို့ ကန်တော်ကြီးဝန်းကျင်၌ ရှိကြသည်။

ယင်းဟိုတယ်၊ စားသောက်ဆိုင်ကြီး/ငယ်များ၊ ရွှေ့လျားဆိုင်ငယ်များ၊ သန့်စင်ခန်းများမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးများ၊ စားကြွင်းစားကျန်များကို စည်းကမ်းတကျစွန့်ပစ်ရန် သတ်မှတ်ထားသော်လည်း စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ခြင်းများ ပြုလုပ်စေလိုကြောင်း၊ လာရောက်အပန်းဖြေသူများ၊ ပြည်သူများအားလုံးကလည်း ကန်တော်ကြီးရေရှည်တည်တံ့သန့်ရှင်း ကောင်းမွန်နေစေရေးအတွက် အမှိုက်သရိုက်များ၊ စားကြွင်းစားကျန်များကို စနစ်တကျ စွန့်ပစ်ခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန် အထူးလိုအပ်လျက်ရှိနေကြောင်း။

(ကိုချစ်)

## စာပေမြင့်မှ လူမျိုးတင့်မည်

## ကမ္ဘာ့ဗုဒ္ဓစာအုပ် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

ကောင်းစျာန်သိမ်းပြုစုတင်ပြသည့် ကမ္ဘာ့ဗုဒ္ဓစာအုပ်ကို မေတ္တာမွန်စာပေက ဒုတိယအကြိမ်ထုတ်ဝေဖြန့်ချိလိုက်သည်။ ထိုစာအုပ်တွင် မဇ္ဈိမဒေသ၌ သာသနာ မည်သို့ပင် ကွယ်ပစေကာမူ မြတ်စွာဘုရား၏ဓာတ်တော်၊ မွေတော်များ၊ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများ ကမ္ဘာတစ်ဝန်းရှိဒေသအသီးသီးတွင်မပျောက်မပျက် ကြွင်းကျန်ရစ်လျက်ရှိသည်ကို ရောင်စုံ၊ အဖြူအမည်း ဓာတ်ပုံပေါင်းများစွာဖြင့် တင်ပြထားသည်။ ဘာသာခြား၊ ဒေသခြား ဝေးလံသော နေရာများမှ ဗုဒ္ဓ၏ပုံရိပ်တော်များကို ဖတ်ရှုပူဇော်နိုင်ရန် စုစည်းဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ရွှေလက်ဆောင်စာပေဖြန့်ချိရေး ဦးအောင်မြင့်နှင့် ဒေါ်သိန်းသိန်း အမှတ် (၄၄၈) ရွှေဘုံသာလမ်းအထက် အမှတ်(၂၃၃/၂၃၅)၊(၃၂) လမ်းအထက် ဖုန်း-၃၈၉၀၂၂၊ ၃၇၅၃၅၇၊၃၇၄၆၃၈ နှင့် မေတ္တာမွန်စာပေ ဖုန်း-၂၀၃၃၅၀၊ ၀၉-၇၃၁၀၂၃၃ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

## နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ၂၀၁၁ ခုနှစ် အောက်တိုဘာလ အမှတ် (၁၅၀) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၅၀)ကို သရုပ်ဆောင် မိုးထက်မြင့်မိုရ်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ် (၅၂၉/၅၃၁) စာပေဗိမာန်အဆောက်အအုံ၊ ကုန်သည်လမ်း၊ရန်ကုန်မြို့၊ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား၊ သစ္စာလမ်းမကြီး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၃၇၂၀၁၉၁၁နှင့် မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

## မြန်မာ့စွယ်စုံကျမ်း အတွဲ(၈) စာအုပ်ထွက်ရှိ

စာပေဗိမာန် (ယခင်မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း)က ၁၉၆၃ ခုနှစ်တွင် ပထမအကြိမ်နှင့် ၁၉၇၉ ခုနှစ်တွင် ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းအတွဲ(၁)မှ (၁၅)အထိကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ယခုအခါ မြန်မာ့စွယ်စုံကျမ်း အတွဲ(၈)ကို စတင်ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ မြန်မာ့စွယ်စုံကျမ်းများသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် သိရှိလိုသည့် အကြောင်းရပ်များကို လွယ်လင့်တကူ သိရှိနိုင်မည့် စာအုပ်များဖြစ်သည်။

အဆိုပါ မြန်မာ့စွယ်စုံကျမ်းအတွဲ(၈)ကို ဝယ်ယူလိုပါက တစ်အုပ်လျှင် ၃၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေးမြို့)၊ ဖုန်း-၀၂-၆၂၉၃၁၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၄၃၀၆၊ အင်းဝစာအုပ်ဆိုင် အမှတ်(၂၀၁/၃၀၁)၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်) ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈တို့တွင် ဝယ်ယူရရှိနိုင်သည်။

## ရခိုင်မြန်မာ ဆီလွတ်ဟင်းလျာချက်ပြုတ်နည်းစာအုပ် ထုတ်ဝေ

မဦးခင်စော (အိုအေစစ်) ပြုစုသည့် ရခိုင်မြန်မာဆီလွတ်ဟင်းလျာချက်ပြုတ်နည်း စာအုပ်တွင် ဟင်းလျာ ၇၅ မျိုး ပါဝင်ပြီး ဟင်းလျာ ၃၅ မျိုးတွင်သာ ဆီပါသည်ကို တွေ့ရကာ ကျန်ဟင်းလျာ ၄၀ တွင် ဆီ လုံးဝမပါကြောင်း တွေ့ရှိရသည်။ ဆီပါသော ဟင်းလျာ ၃၅ မျိုးတွင် အသား ငါးကြော်ခြင်း၊ နှပ်ခြင်း စသည့် ဟင်းလျာ ခြောက်မျိုးတွင်သာ ဆီငါးကျပ်သားသုံးပြီး ကျန်ဆီသုံးသော ဟင်းလျာတို့တွင် ဆီ စားပွဲဇွန်း တစ်ဇွန်း၊ နှစ်ဇွန်း မျှသာ သုံးထားကြောင်း တွေ့ရှိသည်။

ဆီစားသုံးမှုသည် လိုသည်ထက် ပိုသုံးစွဲပါက ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်နိုင်သဖြင့် ရခိုင်မြန်မာ ဆီလွတ်ဟင်းလျာတွင် ဆီကို မြန်မာဟင်းလျာ စစ်စစ်တို့တွင် ပါဝင်သော ဆီအသုံးထက် များစွာလျော့နည်း သုံးစွဲထားကြောင်းနှင့် နေ့စဉ် စားသုံးနေကြသော ဟင်းလျာတွင် ဆီအသုံးလျှော့စေရန် စေတနာရည်သန်၍ ထုတ်ဝေခြင်းဖြစ်ကြောင်း သိရှိရသည်။ သင်တန်းတက်ရောက်လိုသူများ ဆက်သွယ်နိုင်သည်။ ဒဂုံမြို့သစ် (မြောက်ပိုင်း) (၃၂) ရပ်ကွက် ဦးကြင်ဥ (၁)လမ်း အမှတ်(၉၈၃) မှ ဖြန့်ချိလျက်ရှိပြီး ဈေးနှုန်းမှာငွေကျပ် ၁၇၀၀ ဖြစ်သည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့များ ဆောင်ရွက်မည့်လုပ်ငန်းများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ပင်မဝင်းရှိ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန(သီရိဆောင်) အကြီးစားမွမ်းမံပြင်ဆင်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံကို ခေတ်မီကောင်းမွန်သော နည်းစနစ်များ၊ ခိုင်ခံ့ကောင်းမွန်သော ပြုပြင်မွမ်းမံမှုများဖြင့် စေတနာထား၍ အလေးအနက်ထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ အနောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံပြီး ဒဂုံမြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ကြီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာန၏ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၄)ထပ်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများစနစ်တကျ အချိန်မီပြီးစီးရေး၊ အချောသပ်လုပ်ငန်းများ လက်ရာကောင်းမွန်စွာဆောင်ရွက်ရေး၊ ရေ၊ မီး၊ မိလ္လာစနစ်များ ခေတ်မီစနစ်တကျဖြစ်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ရန်ကုန်တက္ကသိုလ် ပင်မဝင်းရှိ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန (သီရိဆောင်) ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ပညာဂုဏ်ရောင် အလင်းဆောင်

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က သုတ၊ ရသစာအုပ် ၇၄၄၄ အုပ်၊ ဦးဟိန်းလတ်က Auto Mobile PC Guide Magazine ၁၄၅၈ အုပ်၊ ဒေါ်ယုယုနိုင်က ဂျာနယ်မျိုးစုံ ၂၁၀ နှင့် ငွေကျပ် ၃၀၀၀၀၊ စာရေးဆရာမ စူးရှမြတ်မြတ်က ဝတ္ထုစာအုပ် ၅၀၀၊ ဒေါ်မိမိထိုက်က ဂျာနယ်မျိုးစုံ ၄၀ နှင့် ငွေကျပ် ၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်၊ စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၁၄)ရပ်ကွက် စံ(၅)ရပ်ညီ စေတနာရှင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင် လှူဒါန်းပွဲကို စက်တင်ဘာ ၃ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဝင်း စာကြည့်တိုက်၌ ကျင်းပရာ အလှူရှင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညဏ်ဝင်းနှင့် ဇနီး ဒေါ်ချိုချိုစန်းတို့က အလှူငွေကျပ် ငါးသောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးထံ ပေးအပ်လှူဒါန်းစဉ်။**

(၃၂၉)

## စာအုပ်စာပေ လူ့မိတ်ဆွေ

## မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

သင်္ဃန်းကျွန်းမြို့နယ် (ယခင် မသင်မနေရမူလတန်းကျောင်း ဆယ်သိန်း၊ ၁၉၅၄ အမက-၂ ဆယ်သိန်း) ယခု အလက-၃ (ဆယ်သိန်း) ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ဦးဇော်ဝင်း (ကျောင်းအုပ်ကြီး) ဖုန်း-၅၆၆၁၃၆၊ ဒေါ်စွမ်အင် ဖုန်း-၅၇၃၉၃၈၊ ဦးကျော်မိုး ဖုန်း-၅၆၁၈၃၂၊ ၀၉-၅၁၄၁၂၅၆၊ ဦးကျင်သိန်း ဖုန်း-၅၇၁၅၆၄၊ ဦးသိန်းမြင့် ဖုန်း-၀၉-၅၀၉၄၉၄၂၊ ဦးကျော်စိုး ဖုန်း-၀၉-၅၀၅၆၀၁၆၊ ဦးဇော်မိုးအောင် ဖုန်း-၀၉-၇၃၁၁၂၈၅၁၊ ဦးလင်းလင်းထွန်း ဖုန်း-၀၉-၅၁၄၉၄၇၃နှင့် ဦးသန့်ဇင် ဖုန်း-၀၉-၅၁၄၂၂၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

# တိုင်းဒေသကြီးနှင့် ပြည်နယ် ရေကူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူကြပြီး ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်ကလက်ခံ၍ အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် ပထမနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲနှင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ(၅၀× ၄) လွှန်းပြန်ကူးပြိုင်ပွဲ၊ မီတာ(၁၀၀× ၄)လွှန်းပြန် လေးမျိုး ကူးပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

## ၂၀၁၁ ခုနှစ် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဇုန်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၁၁ ခုနှစ် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဇုန်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ ခရိုင်အားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ခရိုင်အားကစားကွင်း၌ ကျင်းပရာ အမှတ်(၂)အသင်းနှင့် ရှုံးရှီဇုန် အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အမှတ် (၂)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးမြင့်ဆွေ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဂန့်ဂေါခရိုင်ဦးစီးအရာရှိ ဦးအောင်အောင်က ဒုတိယဆုရ ရှုံးရှီဇုန်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ငွေကျပ်နှစ်သိန်းသုံးသောင်းအား လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က ပထမဆုရ အမှတ်(၂)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ငွေကျပ်သုံးသိန်းသုံးသောင်းအား လည်းကောင်း အသီးသီးဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

## သန်လျင်ဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် စတင်ဘာ ၂၄**

ဦးအောင်ကျော်သည် သန်လျင်ဂေါက်ကလပ်၌ စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၁၁၀ကိုက်အကွာမှ Srixon Soft Feel No.3 ဘောလုံးအား Wilson Pitching Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးကျော်မြင့်၊ ဦးစိုးနိုင်၊ ဦးခိုင်ဖုန်း၊ ဦးရွှေစိုးတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။

(၅၂၇)

## တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် စက်တင်ဘာ ၂၄**

ဦးဇော်မင်းဦး(လျှပ်စစ်-၁)သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရေအားပေါင်းလောင်းဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Nike-PD(3) ဘောလုံးကို Makser Iron No-8 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၆ ကိုက်အကွာရှိ ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသည့် ဦးခင်မောင်ဦး၊ ဦးသန်းလွင်၊ ဦးထွန်းလူမော်နှင့် ဦးကျော်ကျော်ထက်တို့ အတူ ကစားလျက်ရှိသည်။

(သတင်းစဉ်)

## သက်တမ်းလွန်ယာဉ်များအပ်နှံ

**ရန်ကုန် စက်တင်ဘာ ၂၄**

သက်တမ်းလွန်မော်တော်ယာဉ်များ အပ်နှံခြင်းကို ရန်ကုန်မြို့၌ နေရာများခွဲ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ လာရောက်အပ်နှံသည့် သက်တမ်းလွန်ယာဉ်များတွင် ဘီ-၆၀၀(လေးဘီး)၊ ဂျစ်၊ ဒေါ့ဂျစ်၊ ဘောက်စ်ဝက်ဂွန်၊ ဖင်မလီယာ၊ မော်စကိုဘစ်၊ မာဇဒါဒီ-၁၂၀၀ နှင့် မာစီးဒီး စသည့် ကားများပါဝင်ပြီး တောင်ဥက္ကလာပမြို့နယ် မြင်သာလိုင်စင်ရုံး၌ စက်တင်ဘာ ၁၉ ရက်မှ စတင်လက်ခံဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်အထိ ကားစီးရေ ၅၀၀ ခန့်ရှိကြောင်း စိစစ်လက်ခံရာဌာနမှ သိရသည်။

ယင်းသက်တမ်းလွန် မော်တော်ယာဉ်များ အပ်နှံပြီးစီးပါက အပ်နှံပြီးစီးကြောင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် ပြေစာနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ သွားရောက်၍ တင်သွင်းခွင့် ပါမစ်ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**(ဝင်းဝင်းမော်-သတင်းစဉ်)**

## ပြည်သူ့ထံမှ ပေးစာများ

### တောင်ပေါ်ဒေသနှင့် ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးစေလို

**စာတည်းခင်ဗျား-**

ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသနှင့် ကျွန်းဦးအုပ်စု၊ ဆင်သေကျေးရွာအုပ်စုနှင့် ပျဉ်းမနားမြို့ပေါ်သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ကျေးရွာချင်းဆက်လမ်းသည် ဝန်တင်ကားများမောင်းနှင်မှုကြောင့် ယခုအခါ လှူ၊ စက်ဘီး၊ ဆိုင်ကယ်နှင့် မော်တော်ကားများ သွားလာ၍မရအောင် ပျက်စီးနေပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဒေသခံပြည်သူများ**

### ကျူးကျော်ဆိုင်ကယ်ပြင်ဆိုင်နှင့် ကွမ်းယာဆိုင်ရှင်းလင်းပြီး

၁၄-၉-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာပါ ပေါင်းတည်မြို့ မှတ်တိုင်လမ်း ရွှေဟင်္သာဘုရား (မြောက်ဘက်ဘေး) တွင် စည်းကမ်းမဲ့ကျူးကျော်ရောင်းချနေသော ဆိုင်ကယ်ပြင်ဆိုင် နှင့် ကွမ်းယာဆိုင်များ ဖယ်ရှားပေးပါရန် လမ်းသူ၊ လမ်းသားများ၏ တင်ပြစာနှင့် ပတ်သက်၍ အဖွဲ့မှ ၁၈-၉-၂၀၁၁ ရက်တွင် ရှင်းလင်းဖယ်ရှားပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

### ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် မြို့သစ် (၁)လမ်း (အောက်လမ်း)တွင် ခွေးလေခွေးလွင့်များ ပေါများနေပါသဖြင့် လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ မကြာခဏခွေးကိုက်ခံနေကြရပါသည်။ လေ့ကားများပေါ်တွင် တက်အိပ်ခြင်းဖြင့် လမ်းသူ၊လမ်းသားများစိတ်အနှောင့်အယှက်ဖြစ်နေပါ၍ အဆိုပါ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### စပါးခွံလောင်စာအန္တရာယ်စိုးရိမ်ရကိစ္စ ဖြေရှင်းပြီး

၁၂-၉-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "စပါးခွံလောင်စာ အန္တရာယ်စိုးရိမ်"ကိစ္စနှင့် ပတ်သက်၍ သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၁၅-၉-၂၀၁၁ ရက်နေ့တွင် ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

## အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာ

| | |
|---|---|
| **ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်** | လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန် များမှာ** ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၇၅ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၇၈ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် မောင်တောမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ဖြစ်ကြသည်။ |
| **ဘင်္ဂလားပင်လယ်အော်အခြေအနေ** | ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ |
| **မြန်မာ့ပင်လယ်ပြင်အခြေအနေ** | မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ |
| **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** | အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားနိုင်သည်။ |

## ဂျက်ဝီရှိုင်းယား သုံးလခန့် နားရမည်

**လန်ဒန် စက်တင်ဘာ ၂၄**



ဂျက်ဝီရှိုင်းယား။

အာဆင်နယ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယားသည် လာမည့် စက်တင်ဘာ ၂၆ ရက် (တနင်္လာနေ့) တွင် ဒူးဒဏ်ရာခွဲစိတ်ကုသရမည်ဖြစ်ခြင်းကြောင့် သုံးလခန့်နားရတော့မည်ဖြစ်သည်။

အသက်(၁၉)နှစ်ရှိ ဂျက်ဝီရှိုင်းယား၏ အဆိုပါ ဒူးဒဏ်ရာမှာ ပြီးခဲ့သည့် ဇူလိုင် ၃၁ ရက်က နယူးယောက်ရက်ဒ်ဘူးလ်အသင်းနှင့် ရာသီအကြိုခြေစမ်းပွဲကစားရာမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရပြီးနောက်ပိုင်းတွင် အနားယူပြီး အပေါ့စားလေ့ကျင့်ခန်းများပြုလုပ်နေသော်လည်း ဒဏ်ရာအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ယခုကဲ့သို့ ခွဲစိတ်ကုသရန် ပြင်ဆင်လာခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ဒူးဒဏ်ရာကို ခွဲစိတ်ကုသပြီးပါက ဂျက်ဝီရှိုင်းယားသည် လာမည့် ဒီဇင်ဘာလကုန်ပိုင်းတွင်မှ အသင်းတွင် ပြန်လည်ပါဝင်လာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဝီရှိုင်းယားသည် အင်္ဂလန်အသင်း၏ ယူရို-၂၀၁၂ ခြေစစ်ပွဲများနှင့်လည်း လွဲချော်ရတော့မည်ဖြစ်သည်။

**အင်တာနက်။**

# အီတီဟတ်သည် မန်စီးတီး၏ အောင်မြေဖြစ်ကြောင်း သက်သေပြ ဘာလော့တယ်လီနှင့် မေလ်နာတို့၏ ဂိုးများဖြင့် အမှတ်ပြည့်ရ

မန်ချက်စတာ စက်တင်ဘာ ၂၄

**ပရီမီယာလိဂ်ပွဲစဉ် (၆)၏ စနေညအစောပိုင်းပွဲစဉ်အဖြစ် အီတီဟတ်ကွင်းတွင် မန်စီးတီးနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်မန်စီးတီးက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသွားသည်။**

အိမ်ရှင်မန်စီးတီးအသင်းတွင် ဂျိုးဟတ်၊ ယာယာတိုရေး၊ လက်စကော့၊ ရက်ချက်၊ ကလစ်ချီ၊ ကွန်ပနီ၊ ဘယ်ရီ၊ ဒေးဗစ်ဆေးလ်ဗား၊ နာဆရီ၊ ဒီဇီကိုနှင့် ဆာဂျီယိုအဂူရိုတို့ ပထမပွဲထွက်စာရင်းတွင် ပါဝင်ခဲ့ပြီး ဧည့်သည်အဲဗာတန်တွင် တင်ဟောင်းဝပ်၊ ဖီးလ်နဗီး၊ လက်တန်ဘိန်း၊ ဂျက်ရော့ဒ်ဝဲလ်၊ ဖယ်လိုင်နီ၊ အော့စမန်၊ တင်ကာဟေးလ် စသည့် အမာခံကစားသမားများ ပါဝင်ခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် အိမ်ရှင်မန်စီးတီးသည် နိုင်ပွဲပြန်လည်ရရှိရေးအတွက် အဲဗာတန်ဘက်ကိုတရစပ် ဖိအားပေး တိုက်စစ်ဆင်ခဲ့သည်။ အဲဗာတန်ကလည်း ကွင်းလယ်ကစားသမား ခြောက်ယောက်တိတိထား၍ မန်စီးတီး၏ တိုက်စစ်ကို အကောင်းဆုံးဟန့်တားနိုင်ရန် ကြိုးပမ်းခဲ့သည်။ ပထမပိုင်း ၄၅ မိနစ်တွင် မန်စီးတီးအသင်း ဂိုးသွင်းခွင့် အမြောက်အမြားရရှိခဲ့သော်လည်း အဲဗာတန်နောက်တန်းနှင့် ဂိုးသမားတို့ အကောင်းဆုံးကာကွယ်နိုင်ခဲ့၍ ပထမပိုင်းကို ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးစေခဲ့သည်။

ဒုတိယပိုင်းပြန်အစတွင် အိမ်ရှင်မန်စီးတီး တိုက်စစ်ပိုင်းပိုမိုမြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၆၈ မိနစ်တွင် ဘာလော့တယ်လီနှင့် ပွဲချိန် ၈၉ မိနစ်တွင် မေလ်နာတို့၏ သွင်းဂိုးများဖြင့် အဲဗာတန်ကို အနိုင်ရရှိခဲ့သည်။။

**အင်တာနက်။**

**မန်စီးတီးအသင်းအတွက် အဖွင့်ဂိုးကို ဘာလော့တယ်လီ သွင်းယူစဉ်။**

### ဟန်သစ်

## အခြားပွဲစဉ် ရလဒ်များ

| | | |
|---|---|---|
| အာဆင်နယ် | ၃ - ၀ | ဘော်လ်တန် |
| ချယ်လ်ဆီး | ၄ - ၁ | ဆွမ်ဆီး |
| လီဗာပူး | ၂ - ၁ | ဝုလ်ဗာဟမ်တန် |
| နယူးကာဆယ် | ၃ - ၁ | ဘလက်ဘန်း |
| ဝက်စ်ဘရွန်း | ၀ - ၀ | ဖူလ်ဟမ် |
| ဝီဂန် | ၁ - ၂ | စပါး |

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

# ယာဉ်အိုဟောင်းများအပ်နှံရေး နေ့စဉ်ရုံးဖွင့်ရက်များတွင် ဆောင်ရွက်ပေးနေ စက်တင်ဘာ ၂၃ ရက်အထိ အပ်နှံသည့် ယာဉ်စုစုပေါင်း ၂၃၀၉ စီးရှိ

ရန်ကုန် စက်တင်ဘာ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ သက်တမ်းလွန်မော်တော်ယာဉ်များ အပ်နှံနေမှုကို ကြည့်ရှုစစ်ဆေးကာ ယာဉ်ပိုင်ရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အခက်အခဲများကိုမေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ယာဉ်အိုဟောင်းများ အပ်နှံရေးကို နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိပြီး စတင်ပြုလုပ်သည့် စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ လာရောက်အပ်နှံသည့် ယာဉ်စီးရေမှာ ၁၁၄၈ စီး ရှိပြီဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံး ၁၈ ရုံး၌ လက်ခံဆောင်ရွက်ခဲ့ရာတွင် စက်တင်ဘာ ၂၃ ရက်အထိ အပ်နှံသည့် ယာဉ်စုစုပေါင်း ၂၃၀၉ စီး ရှိကြောင်းနှင့် ယာဉ်ပိုင်ရှင်၏ ဆန္ဒအရ ခေတ္တပြန်လည်အသုံးပြုမည့် စီးရေ ၄၁၆ စီးရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း သက်တမ်းလွန်မော်တော်ယာဉ်များ လာရောက်အပ်နှံနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## အမှာစကားပြောကြား

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျောက်စိမ်းဈေးကွက် အခြေအနေ၊ ကျောက်စိမ်းအချောထည် ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်စိမ်းအချောထည်များ ရောင်းချသည့် ရတနာဈေးတည်ဆောက်ရေး၊ အချောထည်စက်ရုံများ တည်ဆောက်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံ၌ ဖြစ်ထွန်းအောင်မြင်နေသည့် ကျောက်စိမ်းဈေးကွက် ကျယ်ပြန့်ခိုင်မာစွာ ဆက်လက်ထွန်းကားနေရေးအတွက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ Conference Room ၌ ကျင်းပသည့် ကျောက်စိမ်းဈေးကွက် အခြေအနေ၊ ကျောက်စိမ်းအချောထည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်စိမ်းအချောထည်များ ရောင်းချသည့် ရတနာဈေးတည်ဆောက်ရေး၊ အချောထည်စက်ရုံများ တည်ဆောက်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ကျောက်စိမ်းအချောထည်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်စိမ်း အချောထည်များရောင်းချသည့် ရတနာဈေးတည်ဆောက်နိုင်ရေးနှင့် အချောထည်စက်ရုံများ တည်ဆောက်နိုင်ရေး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ပြည်ပကျောက်စိမ်းဈေးကွက်များအား သွားရောက်လေ့လာခဲ့ကြသည့် အတွေ့အကြုံများကို အခြေခံကာ မြန်မာနိုင်ငံ၌ ဖြစ်ထွန်းအောင်မြင်နေသည့် ကျောက်စိမ်းဈေးကွက် ကျယ်ပြန့်ခိုင်မာစွာ ဆက်လက်ထွန်းကားနေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရုံးမူနှင့် လေ့လာရေးအဖွဲ့ဝင်များက ပြည်ပနိုင်ငံလေ့လာရေးခရီးစဉ်များ၌ တွေ့ကြုံရသည့် ကျောက်စိမ်းဈေးကွက်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

## ယ နေ့ သ တ င် း အ ညွှ န် း

### ရန်ကုန်အဲဝေးစ် အောက်တိုဘာ ၁၆ ရက်တွင် ပြန်လည်ပြေးဆွဲမည်

“၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှစ၍ လုံခြုံစိတ်ချဘေးကင်းစွာဖြင့် အကောင်းဆုံး ဝန်ဆောင်မှုများပေးကာ လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် ပြင်ဆင်ပြီးဖြစ်”

ပြည်တွင်းသတင်း စာမျက်နှာ - ၇

### အီတီဟာတ်သည် မန်စီးတီး၏ အောင်မြေဖြစ်ကြောင်း သက်သေပြ၊ ဘာလော့တယ်လီနှင့် မေလ်နာတို့၏ ဂိုးများဖြင့် အမှတ်ပြည့်ရ

“ပရီမီယာလိဂ်ပွဲစဉ်(၆)၏ စနေညအစောပိုင်းပွဲစဉ်အဖြစ် အီတီဟာတ်ကွင်းတွင် မန်စီးတီးနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်မန်စီးတီးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ”

ပြည်တွင်းသတင်း စာမျက်နှာ - ၁၀

### နာဆာ၏ ဂြိုဟ်တုဟောင်းတစ်လုံး ပစိဖိတ်သမုဒ္ဒရာတွင်းသို့ ကျဆင်းလာ

“ဂြိုဟ်တုဟောင်းသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ မီးလောင်ကာပျက်စီးသွားမည်ဟု မျှော်လင့်ရ”

ပြည်တွင်းသတင်း စာမျက်နှာ - ၄